**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာ ဆင်သော်တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့် တောက်ပ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၀၁)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ အင်္ဂါနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်မည်

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့တွင် နိုဝင်ဘာလ ၆ ရက်မှ ၇ ရက်အထိကျင်းပပြုလုပ်မည့် အဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion Economic Cooperation Program (GMS)Summit ၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာထိပ်သီးအစည်းအဝေး 10th Ayeyawady–Chao Phraya–Mekong Economic Cooperation Strategy (ACMECS)Summit နှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေး 11th Cambodia–Lao PDR–Myanmar–Vietnam (CLMV) Summit တို့သို့ ပါဝင်တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား


သတင်းစာမျက်နှာ – ၁၆ သို့







(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ဆောင်းပါး** **မဟာမဲခေါင်ဒေသခွဲ(GMS)၏ ဗျူဟာများနှင့် အမိမြန်မာနိုင်ငံ**


စာ – ၁၂ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်)

# အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျအောင်မြင်စေရေး

နိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအလယ်တွင် လူသိထင်ရှားဖြစ်စေသည့်အကြောင်းအရာများအနက် အားကစားထူးချွန်သူများပေါ်ထွန်းခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အားကစားကဏ္ဍမြင့်မားတိုးတက်ရေးသည် နိုင်ငံတိုင်းကကြိုးပမ်းလုပ်ဆောင်နေသည့်ကဏ္ဍတစ်ရပ်ဖြစ်သည်။ အားကစားတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကိုမြှင့်တင်ပေးနိုင်သည်။ လူသားအရင်းအမြစ်များဖွံ့ဖြိုးစေနိုင်ပြီး အားကစားအောင်မြင်မှုများကြောင့် နိုင်ငံ၏ဂုဏ်သိက္ခာလည်းမြင့်မားစေနိုင်သည်။ နိုင်ငံနှင့်ပြည်သူလူထုအတွက် အားကစားကဏ္ဍသည် အလွန်ပင်အရေးကြီးလှသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင် အားကစားထူးချွန်သူများ ပေါ်ထွက်လာရေးကိုရည်ရွယ်လျက် အားကစားကွင်းများကိုအဆင့်မြင့်မြင့် တည်ဆောက်ပေးထားသည်။ ထိုသို့တည်ဆောက်ပေးထားခြင်းနှင့်အတူ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်ကလည်း အားကစားကိုလေ့လာလိုက်စားကြရမည်ဖြစ်သည်။ အားကစားကိုလေ့လာလိုက်စားခြင်းဖြင့် မိမိတို့တစ်ဦးချင်း၏ ကျန်းမာရေးကောင်းမွန်စေသည်။ လူငယ်ပီပီတက်တက်ကြွကြွ လှုပ်လှုပ်ရှားရှားရှိနေကြရမည်ဖြစ်သည်။ ထိုသို့အားကစားကိုစိတ်ပါဝင်စားစွာ လေ့လာလိုက်စားလေ့ကျင့်ရင်းမှ မိမိတို့၏ဝါသနာပါရာ အားကစားတစ်ခုခုကို ထူးချွန်အောင်လေ့ကျင့်ကြရမည်။ ကျောင်း၏ဂုဏ်၊ မြို့၏ဂုဏ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဂုဏ်ဆောင်အားကစားသမားအဖြစ်မှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။ မည်သည့်ပညာရပ်မဆိုထူးချွန်စွာတတ်ကျွမ်းထားလျှင် အသက်မွေးဝမ်းကျောင်းအတွက် ခိုင်မာစွာရပ်တည်နိုင်မည်ဖြစ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အောက်တိုဘာလ ၃၀ ရက်က ကျင်းပသည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးတွင်အမှာစကားပြောကြားစဉ် **"အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကိုမြှင့်တင်ပေးခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေနိုင်သည့်အတွက် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ခမ်းခမ်းနားနားနှင့် အဓိပ္ပာယ်ရှိရှိကျင်းပရန်ရည်ရွယ်ထားကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားအားကစားပွဲတော်များကို ယခုအချိန်ထိ (၄) ကြိမ်ကျင်းပခဲ့ပြီးဖြစ်သည်။ ပထမအကြိမ်ကို ၁၉၉၂ ခုနှစ် မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၂ နည်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၄ နည်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့တွင်အားကစားနည်း ၂၉ နည်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၂၈ ရက်နေ့အထိ နေပြည်တော်တွင်အားကစားနည်း ၂၇ နည်းဖြင့်ကျင်းပခဲ့ပြီး ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံအတွက် အဓိကစွမ်းအားစုဖြစ်သည့်လူငယ်များကို ဗလငါးတန်ပြည့်ဝရေးနှင့်အတူ လူငယ်ကဏ္ဍများကိုလည်း တစ်ဖက်တစ်လမ်းမှမြှင့်တင်ပေးလျက်ရှိသည်။ ''တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်စေရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး'' ဟူသောဦးတည်ချက်ကိုလည်း အလေးထားအကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်ကဏ္ဍနှင့်ပညာရေးကိုအမြဲအားပေးထောက်ပံ့ပေးလျက်ရှိရာ လူငယ်များအနေဖြင့် နိုင်ငံတော်ကအားကိုးရပြီး ဘက်စုံထူးချွန်သည့်လူငယ်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့်အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသောလူငယ်မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်နှင့် ပြည်သူတစ်ရပ်လုံးအားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင်ပါဝင်လာစေရန်ရည်ရွယ်၍ ကျင်းပမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျအောင်မြင်အောင် ဆောင်ရွက်သွားကြရမည့်အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပေရာ ပြည်သူတစ်ရပ်လုံးက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၅-၁၁-၂၀၂၄(အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၈:၁၀ နှလုံးသားဝယ်ဘုရားတည် | ၄။ ၁၆:၁၀ တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ လှပကျန်းမာ | ၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ Speech On Air | ၆။ ၂၁:၂၀ Memory Box |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သုခဒဂုံပြည်သူ့အငှားအိမ်ရာတွင် အိမ်ခန်းငှားရမ်းခများကို နိုဝင်ဘာလ ၁ ရက်မှစပြီး အွန်လိုင်းမှတစ်ဆင့် ပေးဆောင်နိုင်ပြီဖြစ်



ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း) မြို့နယ် သုခဒဂုံပြည်သူ့အငှားအိမ်ရာတွင် အိမ်ခန်းငှားရမ်းခများကို နိုဝင်ဘာလ ၁ ရက်မှစပြီး အွန်လိုင်းမှတစ်ဆင့် ပေးဆောင်နိုင်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှကြီးမှူးပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသော သုခဒဂုံပြည်သူ့အငှားအိမ်ရာ စီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နေစရာအခက်အခဲရှိသောပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား အိမ်ခန်းငှားရမ်းခြင်းများကို အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအလိုက် ငှားရမ်းပေးနေပြီး နေထိုင်ကြသူများ အဆင်ပြေစေရန် ဝန်ဆောင်မှုပေးလျက်ရှိရာ အိမ်ခန်းငှားရမ်းခများကိုလည်း အွန်လိုင်းမှတစ်ဆင့် ပေးဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"သုခဒဂုံ ပြည်သူ့အငှားအိမ်ရာမှာ အိမ်ခန်းတွေ နေရာချထားပေးတဲ့အချိန်က စပြီးတော့ အိမ်ခန်းငှားရမ်းခကို အိမ်ရာကော်မတီရုံးမှာ လဆန်း ၁ ရက်ကနေ ၁၀ ရက်အတွင်း လာရောက်ပေးဆောင်ရတဲ့ စနစ်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ နိုဝင်ဘာလ ၁ ရက်ကစပြီးတော့ Trusty Pay နဲ့ အွန်လိုင်းကတစ်ဆင့် အိမ်ခန်းငှားရမ်းခ ပေးဆောင်နိုင်ပြီဖြစ်ပါတယ်။ အခုလို အွန်လိုင်းကတစ်ဆင့် ပေးဆောင်နိုင်တော့ ရုံးကိုလာစရာမလိုတော့ဘဲ မိမိတို့ဖုန်းကနေတစ်ဆင့် အလွယ်တကူပေးဆောင်နိုင်ပြီဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်ကပြောသည်။

သုခဒဂုံ ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် စုစုပေါင်းတိုက် ၁၉၄ လုံး အခန်းပေါင်း ၃၁၀၄ ခန်းပါဝင်ပြီး တည်ဆောက်ပြီးစီးမှုအလိုက် အိမ်ခန်းများကို ငှားရမ်းနေထိုင်ခွင့်ပြုလျက်ရှိရာ လက်ရှိအချိန်ထိ ပထမအဆင့် တိုက် ၇၃ လုံးနှင့် ဒုတိယအဆင့် တိုက်အလုံး ၅၀ ရှိ အိမ်ခန်းများတွင် နေထိုင်ခွင့်ပြုပေးခဲ့ပြီး တတိယအဆင့် တိုက် ၇၁ လုံးအနက် တည်ဆောက်ပြီးစီးသွားသော တိုက် ၄၃ လုံးတွင်လည်း နေထိုင်ခွင့်ပြုရန် အောက်တိုဘာလ ၂၆ ရက်က မဲနှိုက်ကာ နေရာချထားပေးခဲ့သည်။

အဆိုပါ သုခဒဂုံပြည်သူ့အငှားအိမ်ရာတွင် တစ်လတာ အိမ်ခန်းငှားရမ်းခများမှာ ပထမထပ်ကို ငွေကျပ် ၆၇၀၀၀၊ ဒုတိယထပ်ကို ငွေကျပ် ၆၀၀၀၀၊ တတိယထပ်ကို ငွေကျပ် ၅၅၀၀၀ နှင့် စတုတ္ထထပ်ကို ငွေကျပ် ၄၆၀၀၀ စသည်ဖြင့် အသီးသီး သတ်မှတ်ထားကြောင်း၊ အိမ်ခန်းငှားရမ်းခြင်းသက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ငါးနှစ်နေထိုင်ပြီးပါက အိမ်ခန်းကို သက်ဆိုင်ရာသို့ ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# မင်းဘူး(စကု)မြို့နယ်ရှိ မြို့မစည်ပင်သာယာဈေးကြီးနှစ်ခု၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

မင်းဘူး(စကု) နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ မြို့မစည်ပင်သာယာဈေးကြီးနှစ်ခု၌ ဈေးရောင်းဈေးဝယ်များအနေဖြင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး၊ ပလတ်စတစ်အစားထိုးသုံးစွဲရေးနှင့် စွန့်ပစ်အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်သည့်အလေ့အကျင့်ကောင်းများရရှိစေရေး အသိပညာပေးလုပ်ငန်းများကို နိုဝင်ဘာလ ၄ ရက်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊ မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သောပူးပေါင်းအဖွဲ့က မင်းဘူးမြို့ မြို့မစည်ပင်သာယာဈေးနှင့် စကုမြို့ မြို့မစည်ပင်သာယာဈေးအတွင်းရှိ ဈေးရောင်းဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှု၏နောက်ဆက်တွဲဆိုးကျိုးများ၊ ပလတ်စတစ်ညစ်ညမ်းမှုကို ဖြေရှင်းရန်နည်းလမ်းများ၊ ထိန်းချုပ်ခြင်းနည်းလမ်းများ၊ သုံးစွဲမှုလျှော့ချရန်နည်းလမ်းများနှင့် စည်းမျဉ်းများကို အသိပညာပေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ပလတ်စတစ်အိတ်များအစား အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူအဟောင်းများနှင့် ဆွေးမြည့်လွယ်သောထုပ်ပိုးပစ္စည်းများကို အစားထိုးသုံးစွဲရန် အသိပညာပေးဟောပြောသည်။

ပလတ်စတစ်အိတ်များသုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးသုံးစွဲရေး အသိပညာပေးခြင်းအစီအစဉ်များကို မင်းဘူး (စကု) မြို့နယ် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့မဈေးကြီးများနှင့် လူစည်ကားရာနေရာများ၌ အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်များ သုံးစွဲမှုလျှော့ချရေးနေ့အဖြစ်သတ်မှတ်ပြီး စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ပုသိမ်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော မြေပဲ ၇၃၈ ဧက နုတ်သိမ်းပြီးစီး

ပုသိမ် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၇၃၈ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုး၏ပြောပြချက်အရ သိရသည်။

ပုသိမ်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲ ၉၄၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော မြေပဲများကို ပြီးခဲ့သည့်အောက်တိုဘာလ ဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ လက်ရှိတွင် မြေပဲ ၇၃၈ ဧကအထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၄၁ ဒသမ ၃၂ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"ပုသိမ်ခရိုင်အနေနဲ့ မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေပဲဧက ၉၄၀ ကျော်အထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေကို နုတ်သိမ်းခဲ့တာ လက်ရှိမှာ ဧက ၇၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နုတ်သိမ်းပြီးဖြစ်တဲ့မြေပဲတွေက အထွက်နှုန်းကောင်းသလို အရည်အသွေးလည်းကောင်းပါတယ်။ အခုနုတ်သိမ်းခဲ့တဲ့ မြေပဲတွေအပါအဝင် သီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တခြားဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံအားလုံး အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေးတို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဦးဝင်းစိုးကပြောသည်။

ပုသိမ်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲအပါအဝင် သီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်စေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

**သုတကျော်**



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**"ကျွန်တော်တို့မှာ ကမ်းထောင်းကြီးရွာတောင်ဘက်စွန်းရှိ လယ်ကွင်းတမံရိုးကို တွယ်ချိတ်တက်လိုက်ကြပြီး ရွာသို့သုတ်ခြေတင်ခဲ့ကြသည်။ လေဆန်တိုးပြီး လှမ်းလာခဲ့ကြသဖြင့် ချမ်းလိုက်သည်မှာ အလွန့်အလွန်ပင်ဖြစ်သည်။ လက်ဖျားခြေဖျားတွေ ရေခဲတုံးကြီးလိုဖြစ်နေကြ၏။ ကျွန်တော်တို့ ကျောင်းသို့ရောက်ချိန်တွင် စာစီစာကုံးပြိုင်ပွဲစတင်ရန် အချိန်နီးနေပေပြီ. . ."**

**ယမန်နေ့မှအဆက်**

ဟေမန္တအရုဏ်ဦးမို့ မြောက်လေစူးစူးသည် ရိုးတောင်ဦးဆီမှ အရှူးအမူးတိုက်ခတ်နေပေသည်။ ကြက်ဖသြောင်ကန် တွန်ကျူးသံကလည်း ဩကာသ လောကကြီးအား သက်ဝင်လှုပ်ရှားလာအောင် သတိပေးနေလေသယောင်။

ကျွန်တော်သည် ရွာလမ်းအတိုင်းလျှောက်လိုက်၏။ ညရေးရေးကို ငွေနှင်းမြူလွှာဇာပဝါ လွှမ်းခြုံထားရာ လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် လမ်းကြောင်းရှာယူနေရ၏။ ရာသီမုန်မြောက်ပြန်လေက ကျွန်တော့်တစ်ကိုယ်လုံးကို ခိုက်ခိုက်တုန်အောင် ချမ်းစေလေပြီ။

"မောင်သန်းဆွေ၊ မောင်သန်းဆွေ . . . ထတော့လေ"

"မခင်နှင်းရီ ထတော့လေ"

"မောင်အောင်စိုးမြင့် ထတော့ကွာ"

ကျွန်တော့်မှာ ယနေ့နံနက် ၇ နာရီတွင် ကမ်းထောင်းကြီးအထက်တန်းကျောင်း၌ ပြည်ထောင်စုနေ့အကြို တိုက်နယ်စာစီစာကုံးပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် သွားကြမည့် ကျောင်းသား၊ ကျောင်းသူများကို တစ်အိမ်ပြီးတစ်အိမ် လိုက်လံနှိုးနေခြင်းဖြစ်သည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း ရှစ်တန်း ကျောင်းသား၊ ကျောင်းသူ သုံးဦးစလုံး လှော်တက်တွေကို ကိုယ်စီကိုင်ပြီး အိမ်ခြံဝင်းထဲမှ ထွက်လာကြ၏။

"ကဲ . . . အတော်ပဲ၊ ခု ငါးနာရီရှိနေပြီ။ လာ လာ ချောင်းနားဆိပ်ဘက်ဆင်းကြစို့"

ဆရာတပည့်လေးယောက် ချောင်းနားသို့ရောက်ချိန်တွင် ရေစစ်ချိန်မို့ လှေမှာ ရွှံ့သောင်ပြင်တွင် တင်ကျန်ရစ်နေပေပြီ။

"ဟော့ ချမ်းတယ်ဆိုပြီး နွဲ့နေလို့မရဘူးနော်၊ အချိန်စကားပြောနေပြီ။ လာ ဆင်းကြ ဆင်းကြ လှေကိုတွန်းကြရအောင်"

ကျွန်တော်နှင့် တပည့်လေးများမှာ ပုဆိုးကိုတိုတိုပြင်ဝတ်ပြီး အေးစက်ပျော့ညံ့သော ရွှံ့ပြင်ထဲသို့ ဆင်းလိုက်ကြ၏။ ခြေထောက်များကို ရွှံ့ဗွက်ထဲနင်းချလိုက်ချိန်တွင် ကျွိခနဲမြည်ပြီး နစ်ဝင်သွားကြသည်။ ဒူးခေါင်းလောက်အထိ ကျွံဝင်သွားကြ၏။ ချမ်းလိုက်သည်မှာ ပြောစရာမရှိပြီ။

"ကဲ . . . လာ ပြိုင်တူတွန်းလိုက်ကြစို့"

"ဟေး ဟေး လာလေရဲ့၊ ရဲ့ . . . ရဲ့ . . . ရဲ့"

"ကျွိ . . . ကျွိ . . . ကျွိ . . . ဗွမ်း"

လှေမှာ ရွှံ့လတာထဲတွင် တကျွိကျွိမြည်ပြီး ရွှေ့လျားရင်း ချောင်းရေပြင်ထဲသို့ ဗွမ်းခနဲကျသွားလေတော့သည်။ နာရီဝက်ခန့်ပဲကြာလိမ့်မည်ထင်သည်။

"ကဲ . . . ကဲ . . . မြန်မြန်ခြေဆေးပြီးတက်ကြ"

အကုန်လုံး ဆားငန်ရည်နှင့်ပင် ခြေထောက်ဆေးပြီး လှေပေါ်သို့ရောက်သွားကြသည်။

"ကဲ ဆရာက ပဲ့ကိုင်မယ်၊ သားတို့နှစ်ယောက်က လှော်ကြ။ မခင်နှင်းရီက ရေပက်ထုတ်ပေးနော်"

ကျွန်တော့်မှာ ပဲ့ဖျားမှ အားရပါးရလှော်ပေးလိုက်သည်။ ကျောင်းသားလေးများကလည်း မခေါချောင်းနံဘေးက ရွာသားလေးတွေပီပီ လှေလှော်တတ်ကြသည်။ တက်ချည်နေတော့ လှေပြေးအားက သိပ်ကောင်းနေသည်။ သိပ်တောင်မကြာ ရွာချောင်းဝဘက်ရောက်လာသည်။ မြောက်ပြန်လေကို လေဆန်တိုးပြီး လှော်နေကြရသဖြင့် ပိုပြီးအေးသည်။ ရေစိုနေသောလက်ချောင်းများမှာ ပဲကြီးစေ့ရေစိမ်ထားသလို ရှုံ့တွန့်နေကြ၏။

"သားတို့ကို ဆရာပြောပြမယ်။ ခုပြိုင်ပွဲက ရှစ်တန်းရယ်၊ ကိုးတန်းရယ်၊ ဆယ်တန်းရယ် အကုန်လုံး တစ်တန်းတည်းထားပြီးပြိုင်ရမှာ။ အဲဒီတော့ တို့က ရှစ်တန်းတွေပဲ ကိုးတန်း၊ ဆယ်တန်းတွေနဲ့ ပြိုင်ရတယ်ဆိုပြီး အားမငယ်ကြနဲ့နော်။ အတန်းကြီးတာ၊ ငယ်တာနဲ့မဆိုင်ဘူး။ အရေးအသားအတင်အပြကောင်းဖို့ရယ်၊ သေသပ်ဖို့ရယ်၊ နည်းစနစ်ကျဖို့ရယ် ဒါတွေပဲအရေးကြီးတာ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ"

ဖွဲ့ထုတ်ပြီးလှော်လိုက်ကြခြင်းဖြစ်၍ ချမ်းဖို့ဝေးလို့ ချွေးသီးချွေးပေါက်များတောင် ထွက်လာခဲ့ကြပေပြီ။ လှေမှာ တဖြည်းဖြည်းကမ်းထောင်းကြီးရွာနားသို့ ရောက်လာခဲ့သည်။

"ရေလည်းဆန်နေတယ်ကွာ၊ ရွာကိုရောက်အောင် လှော်နေရင် တို့တွေအချိန်နောက်ကျနေလိမ့်မယ်။ ဒီတော့ ဒီနားလယ်တမံရိုးကတက်ပြီး လျှောက်လိုက်ကြရအောင်"

ကျွန်တော်တို့မှာ ကမ်းထောင်းကြီးရွာတောင်ဘက်စွန်းရှိ လယ်ကွင်းတမံရိုးကို တွယ်ချိတ်တက်လိုက်ကြပြီး ရွာသို့ သုတ်ခြေတင်ခဲ့ကြသည်။ လေဆန်တိုးပြီး လှမ်းလာခဲ့ကြသဖြင့် ချမ်းလိုက်သည်မှာ အလွန့်အလွန်ပင်ဖြစ်သည်။ လက်ဖျားခြေဖျားတွေ ရေခဲတုံးကြီးလိုဖြစ်နေကြ၏။ ကျွန်တော်တို့ ကျောင်းသို့ရောက်ချိန်တွင် စာစီစာကုံးပြိုင်ပွဲစတင်ရန် အချိန်နီးနေပေပြီ။

"သရက်တောင်က ကျောင်းသားတွေလား၊ လာကြ လာကြ၊ ရောက်လာကြတာအတော်ပဲ"

ကမ်းထောင်းကြီးအထက်တန်းကျောင်းကဆရာတစ်ဦးက လှမ်းပြောသည်။

သရက်တောင်ရွာ တွဲဖက်အလယ်တန်းကျောင်းက ကျောင်းသားသုံးယောက်မှာ ခပ်သွက်သွက်ပဲ စာမေးပွဲခန်းထဲသို့ ဝင်သွားလိုက်ကြသည်။

● ● ● ● ● ● ●

"ဆရာရေ ကမ်းထောင်းကြီးက စာပါလာတယ်"

အကောင်းအဆိုးတို့ဖြင့် ထွေးလုံးရစ်ပတ်နေသော လူမှုဘဝပုံရိပ်များထဲတွင် ကျွန်တော် မည်မျှအထိ နစ်မျောနေသည်မသိ။ ခေါ်သံကြားမှ ကျွန်တော် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ကျွန်တော် ရွာသားဆီက စာကိုလှမ်းယူပြီး စာအိတ်ကိုဖောက်ဖတ်လိုက်၏။

"ဟေး တို့ရွာကကျောင်းသားတွေ စာစီစာကုံးပြိုင်ပွဲမှာ ဆုတွေရကြပြီဟေ့ ဟေး ဟေး ဟေး"

"ဒီမှာ ဦးစောမောင်လှ လာကြည့်ပါဦး၊ မခင်နှင်းရီ ပထမ။ မောင်အောင်စိုးမြင့် တတိယတဲ့"

"ဟာ ဆရာ ဝမ်းသာစရာပဲနော်၊ တို့ကျောင်းက ရှစ်တန်းတွေ၊ ကိုးတန်း၊ ဆယ်တန်းတွေနဲ့ သွားယှဉ်တာ ဆုတွေရကြတယ်ဗျာ"

"ကမ်းထောင်းကြီး အ.ထ.က က မောင်ခင်သန်း ဆိုတဲ့ ကလေးတစ်ယောက်ပဲ ဒုတိယဆုရတယ်။ ဒီကလေးက ဆယ်တန်းဆိုပဲ"

"ဒီလိုတပည့်တွေ မြန်မာစာတော်တာ ဆရာဘည္ဖွန့် ကိုယ်တိုင်က မြန်မာစာသမားဖြစ်လို့ပဲဗျ"

"ကလေးတွေကိုယ်တိုင်ကလည်း အရည်အချင်း ရှိလို့ပေါ့ဗျာ။ သူတို့လေးတွေက ကျောင်းစာတင်မဟုတ်ဘူးလေ။ "အားသစ်လူငယ်စာကြည့်တိုက်" က စာအုပ်တွေလည်း ငှားငှားဖတ်ကြတော့ စာပေဆိုင်ရာဗဟုသုတတွေ ရကြတာပေါ့ဗျာ"

ကျွန်တော်သည် နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး ပြုံးလျက်ပဲ ဆရာဦးစောမောင်လှကို အဓိပ္ပာယ်ရှိရှိ ကြည့်နေလိုက်ပေတော့သည်။

ဆက်လက်ဖော်ပြပါမည်။

## နတ်မောက်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေး

နတ်မောက် နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် နိုဝင်ဘာလ ၄ ရက်တွင် နတ်မောက်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း) သို့ စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးသည်။

ထိုသို့ စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများအားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းဖြစ်သည်။

နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ စာပေအလွယ်တကူဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် မြို့ပေါ်ရပ်ကွက်ခုနစ်ရပ်ကွက်၊ ဌာနဆိုင်ရာ ၁၄ ရုံး၊ ကျေးရွာနှစ်ရွာနှင့် မြို့ပေါ်ရှိ အခြေခံပညာကျောင်းလေးကျောင်းသို့ နှစ်ပတ်လျှင်တစ်ကြိမ် စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

ဖြိုးဖြိုး

## မော်လမြိုင်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၄

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade–11 နှင့် Grade –12 သင်ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲကို နိုဝင်ဘာလ ၄ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ယင်းမာခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နိုင်ငံသားတိုင်းအနေဖြင့် ဥပဒေကိုသိရှိလိုက်နာရန်လိုအပ်ပြီး ဥပဒေပညာရပ်ကို ကျယ်ပြန့်စွာ သင်ကြားပေးနိုင်ရန် အသိပညာပေးခြင်းသည် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်ပြီး နိုင်ငံအတွင်းနေထိုင်သည့် နိုင်ငံသားများ၊ ပြည်သူများ မဖြစ်မနေသိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်လည်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ဥပဒေပိုင်းဆိုင်ရာ အသိအမြင်များရရှိနိုင်ရေး ဥပဒေပညာရပ်ကို တက္ကသိုလ်များတွင် သင်ကြားပေးလျက်ရှိသကဲ့သို့ Grade–11 နှင့် Grade–12 အတန်းများတွင် ဥပဒေပိုင်းဆိုင်ရာအခြေခံအသိအမြင်များကို သင်ကြားပို့ချပေးမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများကို အခြေခံဥပဒေဆိုင်ရာအသိပညာများ ရရှိစေရန် သင်ကြားပို့ချနိုင်ရေးအတွက် ယခုကျင်းပသည့် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းတွင် တက်ရောက်ကြသူများအနေဖြင့် အထူးဂရုပြုလေ့လာမှတ်သားနာယူကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသောသင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းတွင် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမစုစုပေါင်း ၉၈ ဦးတက်ရောက်ကာ သင်တန်းကို နိုဝင်ဘာလ ၄ ရက်မှ ၁၄ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေးအဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲဝင့်လှိုင် "ဥမကွဲသိုက်မပျက်" သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ ဦးမင်းဇော် "မြူဝန်းလို့ခို" (ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ(အမျိုးသား)ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်သူဟိန်း "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား) နှဲပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မှ ဦးမြတ်ဇော်"ပန်းညောင်လှိုင်ဘွဲ့"(ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅)(အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မရွှန်းလဲ့မေ "မင်္ဂလာဆယ့်နှစ်ပါး"(ကာလပေါ်)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်း ဒေသကြီးမှ ဦးရဲထက်နှင့်အဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ


# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား) ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းအောင် “ခန်းတွင်းရိပ်သာ”(ကြိုး)သီချင်းဖြင့်ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ ဦးအောင်ဘုန်းဇံ “ဆန်းနွေဦး”(ယိုးဒယား)သီချင်းဖြင့်ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၅-၂၀)(အမျိုးသမီး) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ မနွေးနွေးထက် “လျှပ်ပန်းခွေနွဲ့” (ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ကာလပေါ်/ ခေတ်ဟောင်းတေး ဝါသနာရှင်ပထမတန်းအဆင့် (အမျိုးသမီး)အဆိုပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်လင်းလက်နွယ် “သုံးဆယ့်ရှစ်ဖြာမင်္ဂလာ”သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာ(အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဖြူမာစန်း “တောဟောဝန်လယ်” (ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်နန့်ကေသီ “လျှပ်ပန်းခွေနွဲ့”(ယိုးဒယား) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၂)သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၄

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခ ခန်းမ၌ ယနေ့နံနက် ၈ နာရီတွင်ကျင်းပရာ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)ဒေါ်မူမူမြင့်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၂)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၂၃ ဦး၊ သင်တန်းသူ ၂၃၅ ဦး စုစုပေါင်း ၃၅၈ ဦးတို့တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ အောက်တိုဘာလ ၄ ရက်မှ ဇန်နဝါရီလ ၁၅ ရက်အထိ တက်ရောက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဖွင့်ပွဲများကျင်းပ



နေပြည်တော် နိုဝင်ဘာ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ၊ လပွတ္တာ၊ အောင်ပန်း)တို့၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းနှင့်ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပရာ ဘားအံမြို့သင်တန်းကျောင်း၌ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစောမြင့်ဦးကလည်းကောင်း၊ အောင်ပန်းမြို့သင်တန်းကျောင်း၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းကလည်းကောင်း၊ လပွတ္တာမြို့သင်တန်းကျောင်း၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးကလည်းကောင်း အသီးသီးတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါဖွင့်လှစ်သည့် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများအား သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်ဖြင့် သင်တန်းသား စုစုပေါင်း ၁၂၅ ဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းကို သင်တန်းသား ၂၀ ဦးဖြင့် သင်တန်းကျောင်းတွင် စာတွေ့ သုံးလနှင့်ဟိုတယ်များတွင် လုပ်ငန်းခွင်သင်တန်း(On Job Training-OJT) ကာလ သုံးလ ကြာသင်ကြားဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်သည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများတွင် သင်တန်းသား စုစုပေါင်း ၆၆၀၂ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခဲ့ကြောင်းသိရသည်။ (၅၀၀)

## မြေအောက်ရေဖြင့် ဆောင်းသီးနှံ ကြက်သွန်နီ ကြက်သွန်ဖြူ စတင်စိုက်ပျိုးလုပ်ကိုင်

ပွင့်ဖြူ နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရေးအတွက် မြေအောက်ရေဖြင့် ဆောင်းသီးနှံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စိုက်ပျိုးရေးလုပ်ငန်းကို စတင်စိုက်ပျိုးလုပ်ကိုင်နေပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီ ၁၁၂၄ ဧက နှင့် ကြက်သွန်ဖြူ ၂၈ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ယခုနှစ် အောက်တိုဘာလ ပထမပတ်ကစပြီး မုန်းချောင်းရေနှင့် မြေအောက်ရေတို့ဖြင့် ကြိုးပမ်းစိုက်ပျိုးခဲ့ရာ ယနေ့အထိ ကြက်သွန်နီ ၃၇၃ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧက တို့ကို စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေဖူလုံသည့်အတွက် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီချိန်တွင် သီးနှံဝင်ငွေတိုးပွားစေရန်နှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်အတွက် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးနှံနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးရေးကို အားထားလုပ်ကိုင်လျက်ရှိသည်။



ပွင့်ဖြူမြို့နယ်၌ ကြက်သွန်စိုက်ပျိုးရေးလုပ်ငန်းကို ဆည်တော်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ကြူဝန်းကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကျွဲခြံကျေးရွာ၊ လယ်မကျေးရွာ၊ အင်းနက်ကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး တရားမဝင်သစ်ထုတ်ယူမှု ပပျောက်ရေးအသိပညာပေး

ခိုလမ် နိုဝင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ ဟိုင်းလိုက်ကျေးရွာအုပ်စု ၂၉ မိုင်ကျေးရွာ စာသင်ကျောင်း၌ သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တရားမဝင်သစ်ထုတ်ယူမှု လျော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၃ ရက် ညနေပိုင်းတွင် ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ခိုလမ်မြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဇော်မင်းအောင်က မီးခိုးမြူငွေ့အကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ တရားမဝင်သစ်ထုတ်ယူမှု မဖြစ်ပေါ်စေရေး အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခိုလမ်မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဆန်းက လျှပ်စစ်မီးသုံးစွဲရာတွင် သတိပြုလိုက်နာဆောင်ရွက်သင့်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လျှပ်စစ်မီးသုံးစွဲမှုအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးပြီး ဟောပြောပွဲသို့တက်ရောက်လာသော ဒေသခံပြည်သူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းရာ ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

ခိုလမ်(ပြန်/ဆက်)

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ရပ်ကွက်/ကျေးရွာများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် ကျည်တောင်ကန်(၁) ရပ်ကွက်၌ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးညီညီဝင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့် ရာအိမ်မှူးတို့ ပါဝင်သောအဖွဲ့သည် ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း၍ မီးသုံးစွဲမှုစစ်ဆေးခြင်း၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ ဂေါ်ပြား၊ လှေကား၊ မီးသတ်ဆေးများကို နေအိမ်တိုင်းတွင်ထားရှိရေး၊ နေအိမ်အပေါ်၊ နေအိမ်အောက်များတွင် ချက်ပြုတ်သုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် မီးဖိုများကို နေအိမ်တံစက်မြိတ်အပြင်တွင် မြေကျင်းအကျယ် ၂ ပေ၊ အနက် ၃ ပေတူးပြီး သံပြားများကာ၍ ချက်ပြုတ်သုံးစွဲရန် ရှင်းလင်းပြောကြားသည်။

ထို့ပြင် မီးသုံးစွဲချိန်ကို နံနက် ၅ နာရီမှ နံနက် ၁၀ နာရီအထိ၊ ညနေ ၃ နာရီမှ ည ၈ နာရီတို့တွင်သာ ချက်ပြုတ်သုံးစွဲရန်၊ နေအိမ်ပတ်ဝန်းကျင်ရှိ ပေါင်းမြက်ချုံနွယ်များရှင်းလင်းဆောင်ရွက်ထားရန်၊ သစ်တောများနှင့်ဆက်စပ်လျက်ရှိသောနေရာများတွင် မီးတားကွက်၊ မီးတားလမ်းများအသင့်ထားရှိရန်နှင့် မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ပါက နေအိမ်အတွင်းမှအမြန်ဆုံးထွက်ခွာသွားနိုင်ရေးအတွက် အရေးပေါ်လွတ်မြောက်ပေါက်၊ ထွက်ပေါက်များသိရှိနိုင်ရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။ (၄၁၃)

# စိတ်အနှောင့်အယှက်ဖြစ်စေသည့် ခန္ဓာကိုယ်တွင်းကျန်းမာရေးပြဿနာများ

တချို့ ကျန်းမာရေးပြဿနာတွေက အသက်အန္တရာယ်အတွက် မစိုးရိမ်ရပေမယ့် ကြို့ထိုးတာ၊ အရည်ကြည်ဖုပေါက်တာ၊ အရေပြားထဲ အမွေးအမှင်စိုက်ဝင်တာ စတဲ့ဝေဒနာတွေက ခန္ဓာကိုယ်ကို နာကျင်စေနိုင်ပြီး စိတ်အနှောင့်အယှက်ဖြစ်စေနိုင်ပါတယ်။ လူအများစုကတော့ ဝေဒနာအများစုကို လျစ်လျူရှုထားတတ်ကြပြီး သူ့အလိုလိုပျောက်ကင်းတဲ့အထိ စောင့်ဆိုင်းနေတတ်ကြပါတယ်။

အမှန်တော့ အဲဒီဝေဒနာတွေက မဖြစ်အောင်ကြိုတင်ကာကွယ်လို့ရသလို အမြန်ဆုံးပျောက်ကင်းနိုင်တဲ့နည်းလမ်းတွေရှိပါတယ်။ စိတ်အနှောင့်အယှက်ဖြစ်စေနိုင်တဲ့ ခန္ဓာကိုယ်တွင်းကျန်းမာရေးပြဿနာတွေ ဘာကြောင့်ဖြစ်လာရသလဲ၊ ဘယ်လိုဖြေရှင်းမလဲ၊ ဘယ်အချိန်မှာ ဆရာဝန်နဲ့ ပြသသင့်သလဲဆိုတာကို ဖော်ပြပေးပါမယ်။

### ကြို့ထိုးခြင်း

ဝမ်းဗိုက်ကန့်လန့်ကာကြွက်သားက အလိုအလျောက်ကျုံ့သွားတဲ့အခါ ကြို့ထိုးတတ်ပါတယ်။ ကြို့တစ်ခါထိုးတိုင်း အသံအိုးပိတ်သွားတာကြောင့် အွတ်ဆိုတဲ့အသံထွက်ပေါ်လာပြီး နေရခက်လှပါတယ်။

ကြို့ထိုးတာပျောက်စေဖို့ ဆော်ဒါရည်တစ်ဖန်ခွက်ကို အမြန်ကုန်အောင်သောက်တာ ဒါမှမဟုတ် အသက်အောင့်ထားတာမျိုးတွေက လူအများရဲ့ ကုထုံးဖြစ်ပါတယ်။ ဒီလိုကုထုံးတွေနဲ့ ကြို့ထိုးတာ မသက်သာခဲ့ရင်လည်း မိနစ်အနည်းငယ်အတွင်း အလိုအလျောက်သက်သာသွားနိုင်ပါတယ်။ ကြို့ထိုးတာက သုံးနာရီထက်ပိုကြာရှည်ခဲ့ရင်၊ အသက်ရှူရခက်ခဲရင် အစာနဲ့ရေမျိုရတာခက်ခဲနေရင် ဆရာဝန်ဆီ သွားရောက်ပြသသင့်ပါတယ်။

### ဝက်ခြံပေါက်ခြင်း

ဆဲလ်သေ၊ ဖုန်မှုန့်နဲ့ဗက်တီးရီးယားတွေ မွေးညင်းပေါက်အတွင်းရှိနေစဉ် အရေပြားပေါ်မှာ အဆီတွေက မွေးညင်းပေါက်ကို ပိတ်ဆို့ထားတာကြောင့် ဝက်ခြံပေါက်ခြင်းဖြစ်ပေါ်နိုင်ပါတယ်။ ဆယ်ကျော်သက်အရွယ်မှာ ဟော်မုန်းအပြောင်းအလဲကြောင့် ဝက်ခြံပေါက်လွယ်တတ်ပါတယ်။ ဝက်ခြံပျောက်စေဖို့ ဖြေရှင်းနည်းက မှားယွင်းနေရင် အမာရွတ်ထင်ကျန်

**"ခြေထောက်ထုံကျဉ်တဲ့အခါ ခြေထောက်ကို စက်ဝိုင်းပုံသဏ္ဌာန် ရွေ့လျားပေးတာ၊ လက်ကိုဆုပ်လိုက်၊ ဖြန့်လိုက် ပြုလုပ်တာကြောင့် ထုံတာ၊ ကျဉ်တာတွေ အမြန်ဆုံးပျောက်ကင်းနိုင်ပါတယ်။ ခန္ဓာကိုယ် အနေအထားတစ်ခုမှာ အကြာကြီးမထိုင်သင့်ပါဘူး။ အနေအထား ပြောင်းလဲပြီး ထိုင်သင့်ပါတယ်။ အချိန်အကြာကြီး ခြေထောက်ချိတ် မထားသင့်ပါဘူး။ တကယ်လို့ ခြေထောက်ထုံတာ၊ ကျဉ်တာ မပျောက် ခဲ့ရင် ကိုယ့်မှာ အာရုံကြော ဒါမှမဟုတ် သွေးလှည့်ပတ်မှုပြဿနာရှိနိုင် လို့ ဆရာဝန်နဲ့ပြသသင့်ပါတယ် . . ."**

နေတတ်ပါတယ်။

ဝက်ခြံပျောက်စေဖို့နည်းလမ်းကတော့ ဝက်ခြံပေါက်တဲ့နေရာကို ပူနွေးစွတ်စိုတဲ့ မျက်နှာသုတ်ပဝါနဲ့ သုံးမိနစ်လောက် အုပ်ထားပေးပါ။ မိမိလက်ကို တစ်သျှူးနဲ့ ပတ်ပြီး ဝက်ခြံက အရည်ကြည်ထွက်လာတဲ့အထိ အသာအယာညှစ်ထုတ်ပေးပါ။ ဝက်ခြံရဲ့အခြေအနေက ဆိုးရွားနေရင် အရေပြားအထူးကုဆရာဝန်နဲ့ပြသသင့်ပါတယ်။ ဆရာဝန်အနေနဲ့ ဝက်ခြံအတွက် လိမ်းဆေး၊ ပဋိဇီဝဆေးနဲ့ လေဆာကုထုံးတွေအသုံးပြုပေးနိုင်ပါတယ်။

### နားထဲရေဝင်ခြင်း

ရေချိုးစဉ် ဒါမှမဟုတ် ခေါင်းလျှော်စဉ်မှာ နားထဲကို မတော်တဆရေဝင်ပြီး နားအူတာမျိုးကိုလည်း လူတိုင်းလိုလို ခံစားရတတ်ပါတယ်။

နားထဲရေဝင်တဲ့အခါ ရေထွက်အောင် ကိုယ့်ဘာသာချိန်ဆပြီး ဦးခေါင်းကိုစောင်းပေးပါ။ ဆံပင်အခြောက်ခံစက်(Dryer)ကို အသုံးပြုပြီးလည်း ရေတွေကို ခြောက်သွေ့အောင်ပြုလုပ်လို့ရပါတယ်။ ဒါပေမဲ့ အခြောက်ခံစက် (Dryer) ကို အပူဆုံးအနေအထားမှာထားပြီး အသုံးပြုမယ်ဆိုရင် အကြားအာရုံကို ထိခိုက်နိုင်ပါတယ်။ တကယ်လို့ နားရွက်ကနီရဲလာရင် ဒါမှမဟုတ် နားကနေ အရည်တွေထွက်လာရင် နားထဲပိုးဝင်နေတဲ့အခြေအနေဖြစ်လို့ ဆရာဝန်နဲ့ပြသဖို့လိုပါတယ်။

### သွားအရောင်စွန်းခြင်း

ဝိုင်အနီ၊ ကော်ဖီနဲ့အရောင်ရင့်ရင့်အချိုရည်တွေ၊ ကွမ်းယာတွေကြောင့် သွားအရောင်စွန်းထင်မှုဖြစ်တတ်ပါတယ်။

အဲဒီလိုသွားအရောင်စွန်းထင်တဲ့အခါ သွားဖြူဆေးပါဝင်တဲ့သွားတိုက်ဆေးကို အသုံးပြုရင် ကိုယ့်သွားအရောင် တစ်ဆင့်ဒါမှမဟုတ် နှစ်ဆင့်လောက် အရောင်ပြန်လျော့လာနိုင်ပါတယ်။ ဒါပေမဲ့ သွားဆရာဝန်က သွားအရောင်ကို ချွတ်ပေးနိုင်ပါတယ်။ သွားအရောင်ပြန်ဖြူလာအောင် စတော်ဘယ်ရီသီးကို ခြေပြီး မုန့်ဖုတ်ဆော်ဒါနဲ့ ဖျော်စက်ထဲထည့်မွှေပေးပါ။ ပြီးရင် သွားပွတ်တံနဲ့ သွားတွေပေါ် ပွတ်တိုက်ပေးပါ။ ငါးမိနစ်လောက်ထားပြီးမှ ရေဆေးချပေးပါ။ သတိထားရမှာက အဲဒီလိုလုပ်တာများလွန်းရင် သစ်သီးမှာပါတဲ့ အက်စစ်ဓာတ်တွေကြောင့် သွားကြွေလွှာတွေ ပျက်စီးနိုင်ပါတယ်။ တမာသွားတိုက်ဆေးကလည်း စွန်းထင်နေတဲ့သွားအရောင်တွေကို ချွတ်ပေးနိုင်ပါတယ်။ မြန်မာ့ရှေးနည်းလမ်းကတော့ မီးသွေးနဲ့သွားတိုက်ပေးရင် သွားအရောင်ကျွတ်စေတယ်လို့ သိရပါတယ်။

### အရည်ကြည်ဖုပေါက်ခြင်း

ဖိနပ်ကျပ်ကျပ်ဝတ်ထားတာကြောင့် ခြေဖဝါးကိုပွတ်တိုက်မိပြီး အရည်ကြည်ဖုဖြစ်ပေါ်တတ်ပါတယ်။ အပူလောင်တာနဲ့ တခြားအရေပြားထိခိုက်ဒဏ်ရာရတာကြောင့်လည်း အရည်ကြည်ဖုဖြစ်ပေါ်တတ်ပါတယ်။

အရည်ကြည်ဖုဖြစ်ပေါ်တဲ့အခါ ဖောက်ပစ်လိုက်တာကြောင့် ရောဂါပိုးတွေ အလွယ်တကူ ဝင်ရောက်နိုင်တဲ့အတွက် အရည်ကြည်ဖုအရွယ်အစားသေးငယ်ရင် မဖောက်ဘဲထားလိုက်တာ အကောင်းဆုံးဖြစ်ပါတယ်။ တကယ်လို့ အရည်ကြည်ဖုကို ဖောက်ပစ်မယ်ဆိုရင် လက်ကို သန့်စင်အောင်ဆေးကြောပြီး အသုံးပြုမယ့် အပ်ကိုလည်း ပိုးသတ်ထားရပါမယ်။ အရည်ဖုကို ဖုံးအုပ်ထားတဲ့အရေပြားကို လှန်မပစ်ရပါဘူး။ အရည်ကြည်ဖု ပတ်ဝန်းကျင်မှာ အရေပြားနီရဲတာ၊ နာကျင်တာ၊ ပြည်ထွက်နေတာမျိုးတွေဖြစ်ရင် ရောဂါပိုးဝင်တဲ့အခြေအနေဖြစ်လို့ ဆရာဝန်နဲ့ပြသဖို့လိုပါတယ်။

### လက်မောင်းအရေပြားတွဲကျခြင်း

လက်မောင်းကြွက်သားတွေ တောင့်တင်းမှုမရှိတာကြောင့် အရေပြားတွဲကျတတ်ပါတယ်။ အမျိုးသမီးတွေက အမျိုးသားတွေလောက် ကြွက်သားတည်ဆောက်မှု မကောင်းတာကြောင့် အလွယ်တကူ အရေပြားတွဲကျတတ်ပါတယ်။

အရေပြားတင်းရင်းမှုရှိအောင် လေ့ကျင့်ခန်းပြုလုပ်သင့်ပါတယ်။ ငါးပေါင်ကနေ ရှစ်ပေါင်ရှိတဲ့ Dumb bell ကို အသုံးပြုပြီး တစ်ပတ်ကိုသုံးကြိမ် လက်မောင်းကြွက်သားကို အဓိကထားပြီး လေ့ကျင့်သင့်ပါတယ်။

### ထုံကျဉ်ခြင်း

ဦးနှောက်ရဲ့ဆက်သွယ်ထားတဲ့အာရုံကြောကို တစ်ခုခုဖိနှိပ်ထားရင် ခြေထောက်၊ လက်နဲ့ တခြားခန္ဓာကိုယ်အစိတ်အပိုင်းတွေမှာ ထုံကျဉ်သွားတတ်ပါတယ်။ အကြာကြီးထိုင်နေပြီးမှ မတ်တတ်ထရပ်လိုက်ရင် ခြေထောက်ထုံကျဉ်နေတတ်ပါတယ်။

ခြေထောက်ထုံကျဉ်တဲ့အခါ ခြေထောက်ကို စက်ဝိုင်းပုံသဏ္ဌာန်ရွေ့လျားပေးတာ၊ လက်ကိုဆုပ်လိုက်၊ ဖြန့်လိုက် ပြုလုပ်တာကြောင့် ထုံတာ၊ ကျဉ်တာတွေ အမြန်ဆုံးပျောက်ကင်းနိုင်ပါတယ်။ ခန္ဓာကိုယ်အနေအထားတစ်ခုမှာ အကြာကြီး မထိုင်သင့်ပါဘူး။ အနေအထားပြောင်းလဲပြီး ထိုင်သင့်ပါတယ်။ အချိန်အကြာကြီး ခြေထောက်ချိတ်မထားသင့်ပါဘူး။ တကယ်လို့ ခြေထောက်ထုံတာ၊ ကျဉ်တာ မပျောက်ခဲ့ရင် ကိုယ့်မှာ အာရုံကြော ဒါမှမဟုတ် သွေးလှည့်ပတ်မှုပြဿနာရှိနိုင်လို့ ဆရာဝန်နဲ့ပြသသင့်ပါတယ်။

### လည်ချောင်းယားယံခြင်း

အအေးမိဝေဒနာ၊ ရာသီတုပ်ကွေး၊ ရာသီအကူးအပြောင်းမှာ ဓာတ်မတည့်ခြင်း၊ နှာရည်ယိုခြင်းနဲ့ လေထုညစ်ညမ်းခြင်းကြောင့် လည်ချောင်းယားယံခြင်းဖြစ်တတ်ပါတယ်။

ရေများများသောက်တာ၊ ဆားရည်နဲ့ ပလုတ်ကျင်းတာတွေပြုလုပ်ပေးသင့်ပါတယ်။ ငုံဆေးပြားငုံတာနဲ့ ပါရာစီတမောလို အကိုက်အခဲပျောက်ဆေးသောက်နိုင်ပါတယ်။ ဓာတ်မတည့်မှုကြောင့် လည်ချောင်းယားယံတာဖြစ်ရင်၊ အန်ရင် အင်တီဟစ်တမင် (Antihistamine) သောက်သင့်ပါတယ်။ ဗက်တီးရီးယားကြောင့် လည်ချောင်းယားယံတာမဟုတ်ရင် ပဋိဇီဝဆေးမလိုအပ်ပါဘူး။ ဗက်တီးရီးယားကြောင့်ဖြစ်ရင် အမောက်ဆလင် (Amoxicillin 500 mg) သောက်နိုင်ပါတယ်။

### ရင်ပူခြင်း

အစာအိမ်အက်စစ်တွေ အစာရေမျိုပြွန်ကိုပြန်လည်ဆန်တက်ခဲ့ရင် ရင်ဘတ်မှာ ပူစပ်ပူလောင်ဖြစ်ပြီး နာကျင်တတ်ပါတယ်။ အဲဒီဝေဒနာမခံစားရအောင် အစားမကြူးသင့်ပါဘူး။ ရင်ပူတာမဖြစ်အောင် လှုံ့ဆော်နိုင်တဲ့ ကဖင်း၊ ချောကလက်နဲ့ အစပ်တွေစားတာကို ရှောင်သင့်ပါတယ်။ အယ်လ်ကိုဟောကလည်း အစာရေမျိုပြွန်နဲ့ အစာအိမ်ဆက်ထားတဲ့ လျှာခင်ကို အနားပေး(Relax) စေနိုင်တဲ့အတွက် အက်စစ်ရည်တွေပြန်လည်ဆန်တက်နိုင်လို့ အရက်မသောက်သင့်ပါဘူး။ ရင်ပူဝေဒနာခံစားရရင် အက်စစ်လျော့စေတဲ့ဆေး Antacid သောက်သင့်ပါတယ်။ မကြာခဏရင်ပူတာမျိုးဖြစ်တတ်ရင် ဆရာဝန်နဲ့ပြသသင့်ပါတယ်။

### ခြင်ကိုက်ခြင်း

ကိုယ့်ကိုခြင်ကကိုက်ပြီး ခန္ဓာကိုယ်ကသွေးကို စုပ်ယူလိုက်တဲ့အချိန်မှာ ခန္ဓာကိုယ်မှာ ခြင်ရဲ့တံတွေး ကျန်ရစ်ခဲ့ပါတယ်။ ဒါကြောင့် ခြင်ကိုက်ပြီးနောက်မှာ ယားယံပြီး အဖုအပိမ့်ပေါက်တာဖြစ်ပါတယ်။

ကယ်လမင်း (Calamine) လိမ်းဆေး ဒါမှမဟုတ် ကော်တီဆုမ်းခရင်မ် (Corti-sone cream) လိမ်းသင့်ပါတယ်။ အဖုတွေပေါက်ရင်တော့ ယားယံတာသက်သာစေတဲ့ ဘာမီတွန်သောက်နိုင်ပါတယ်။

ဒေါက်တာလွင်သန့်

# တောင်တွင်းကြီးမြို့ မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းဆောင်ရွက်

တောင်တွင်းကြီး နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ပြည်သူများ ပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်စေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဈေးရောင်းဈေးဝယ် ပြည်သူများအား ပလတ်စတစ်အိတ်များအစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign) နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို နိုဝင်ဘာလ ၄ ရက်တွင် မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်းဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ ပလတ်စတစ်အသုံးပြုမှုလျှော့ချရေး အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

နောင်နောင် (ဗိသနိုးမြေ)

# မြိတ်မြို့နယ်၌ တောင်သူအသိပညာပေး မိုးစပါးရိတ်သိမ်းခြင်းများဆောင်ရွက်



**မြိတ် နိုဝင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ တောင်သူအသိပညာပေး မိုးစပါးရိတ်သိမ်းခြင်းကို နိုဝင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုး၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သိန်းတင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာရှိ ဆင်းသုခမျိုး မိုးစပါးစိုက်ခင်းနှင့် ကျောက်ဖျာကျေးရွာအုပ်စု ဝန်ဖို့ကျေးရွာအတွင်းရှိ ဆင်းသုခမျိုး မိုးစပါးစိုက်ခင်းများကို ရိတ်သိမ်းကြရာ လယ်ယာတစ်ကေလျှင်စပါးအစိတင်း ၁၃၀ နှင့် ၁၃၀ ဒသမ ၇၇ တင်း ထွက်ရှိပြီး အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

(၄၁၂)

# စစ်ကိုင်းမြို့နယ်၌ ပဲစင်းငုံ ၁၉၇၅၂ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း နိုဝင်ဘာ ၄**

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းမြို့နယ်၌ ပဲစင်းငုံ ၁၉၇၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၁၉၇၅၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"စစ်ကိုင်းမြို့နယ်မှာ ပဲစင်းငုံ ၁၉၇၈၉ ဧက စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ လက်ရှိအချိန်မှာတော့ ၁၉၇၅၂ ဧက အထိစိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံသီးနှံကိုသီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဦးဇော်ဦးကပြောသည်။

စစ်ကိုင်းမြို့နယ်၌ ပဲစင်းငုံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးမည့်တောင်သူများကိုရွက်ဖျန်းမြေသြဇာဝယ်ယူမှု လျော့ကျနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ယူရီးယားနှင့် လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်ကာအပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။

(၄၀၉)

# VDPစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

**ဟိုပုံး နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်( တောင်ပိုင်း) ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာလေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာလ ပထမပတ်က အဆိုပါကျေးရွာတို့၌ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိုပုံးမြို့နယ်ရှိ ဝမ်စိမ်းကျေးရွာ၊ ခိုင်တလောကျေးရွာ၊ ပင်ဟဲကျေးရွာနှင့် ကောင်မဲ့ဒိုင်ကျေးရွာလေးရွာတို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများကို အသုံးပြု၍ ကျေးရွာတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းသည် ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါကျေးရွာလေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်ကဦးဆောင်၍ စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီဖွဲ့စည်းခြင်းကို ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကိုရွေးချယ်ဖွဲ့စည်းပေးကြောင်းသိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# ရပ်ကွက် ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာလ ၄ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥတ္တရသီရိမြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမင်းဦးနှင့်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သောအဖွဲ့သည် ဇဝနသိဒ္ဓိရပ်ကွက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးအကြံပေးခြင်း၊ အရေးပေါ် မီးသတ်တယ်လီဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်း၊ မီးဖိုအသုံးပြုသည့် နေအိမ်များနှင့်အခြားမီးသုံးစွဲသည့် နေအိမ်များအားမီးများစနစ်တကျသုံးစွဲရန်နှင့်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရန်လိုအပ်ချက်များကို လိုက်လံစစ်ဆေး၍ မီးမလောင်ခင်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မီးလောင်လျှင်ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မီးလောင်ပြီးဆောင်ရွက်ရမည့်နည်းလမ်းများကို လှည့်လည်အသိပညာပေးခြင်းတို့ဆောင်ရွက်ကြောင်းသိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

## တို့ညီနောင်များ ပေါင်းစည်းအား

❖ မျိုးချစ်စိတ်ဓာတ်၊ ရှင်သန်မြတ်အောင်
တည့်မတ်ပညာ၊ ကြိုးစားပါ၍
ဖြန့်ကာအသိ၊ ရင်မှာရှိကာ
ကြည့်ရှုကောင်းကျိုး လှမ်းအံ့တည်း။

❖ တို့ညီနောင်များ၊ ပေါင်းစည်းအားဖြင့်
တိုးပွားစည်ပင်၊ အလှဆင်ကာ
ကြည်လင်နေ့ရက်၊ ကောင်းခြင်းဆက်၍
အိပ်မက်ပန်းတိုင် ရောက်အံ့တည်း။

❖ သွေးချင်းတို့ရေ၊ မြန်မာ့မြေဝယ်
တင့်ဝေဂုဏ်ပန်း၊ မညှိုးနွမ်းဖို့
လက်ကမ်းသယ်ဆောင်၊ ဂုဏ်လင်းရောင်က
ထွန်းပြောင်လင်းလက် ရအံ့တည်း။

❖ ဗုဒ္ဓဘာသာ၊ မြတ်သံဃာနှင့်
သဒ္ဓါတရား၊ စဉ်သာပွား၍
ဘိုးဘွားကိုးကွယ်၊ လက်ဆင့်သယ်ကာ
ပြုဖွယ်ကောင်းကျိုး ပြုအံ့တည်း။

❖ မြန်မာခလေ့၊ တို့မမေ့၍
ပျော်မွေ့ရိုးရာ၊ အစဉ်လာကို
ရင်မှာအမြဲ၊ ထင်ကျန်စွဲဖို့
ဆင်နွဲမြတ်နိုး ထိန်းအံ့တည်း။

❖ ယဉ်ကျေးချိုသာ၊ တို့မြန်မာဟု
ကမ္ဘာထင်ရှား၊ လူသိများသည်
ဂုဏ်အားတင့်ဝေ၊ ကျက်သရေကား
တည်နေကောင်းသော ကမ္ပည်းတည်း။ ။

**ဖြိုးထက်(ရေစကြို)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၁၁-၂၀၂၄ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း | ၉။ | ၁၄:၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၂။ | ၀၇:၁၅ | မေတ္တာပို့ | ၁၀။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၃။ | ၀၇:၂၀ | ဓမ္မပူဇာတေး | | | |
| ၄။ | ၀၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၁။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း ဘိသိက်ပြိုင် (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင် မိုးဒီ၊ ဇော်ဝင်းနိုင် ဒါရိုက်တာ ဉာဏတင်စိုး** |
| ၅။ | ၀၉:၄၅ | Sharing Knowledge | | | |
| ၆။ | ၀၉:၅၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | | | |
| ၇။ | ၁၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | | |
| ၈။ | ၁၆:၂၅ | Sport Review | | | |

# ဆုတောင်းပြည့်မယ်လမုစေတီတော်၌ ပရိတ်ကြီး(၁၁)သုတ်ရွတ်ဆိုပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ဆုတောင်းပြည့်မယ်လမုစေတီတော်တွင် ကျင်းပသော ပရိတ်ကြီး(၁၁)သုတ်ရွတ်ဆိုပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာလ ၃ ရက်က အဆိုပါစေတီတော်ရင်ပြင်တော်၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဧည့်ပရိသတ်များက ဆုတောင်းပြည့်မယ်လမုစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ အောင်မြေဝတီကျောင်းဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် အခမ်းအနားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မြောက်ဥက္ကလာပမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သာသနာ့နွယ်ဝင်သီလရှင်များက ပရိတ်ကြီး(၁၁)သုတ်အား ရွတ်ဆိုပူဇော်ကြကာ အခမ်းအနားကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးစိုးမင်းဦးက ဝမ်းမြောက်စကား လျှောက်ထားသည်။

ယင်းနောက် ဆရာတော်များအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကြွရောက်တော်မူလာကြသော သံဃာတော်ကိုးပါးနှင့် သီလရှင် ၉၉ ပါးတို့အား အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သိန်းဝင်း**




# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသားများပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှုများ အကောင်အထည်ဖော်ရေးလုပ်ငန်း မြို့နယ်အဆင့်ဆွေးနွေး


ပြည် နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ပညာ့ရိပ်မွန်ခန်းမ၌ နိုဝင်ဘာလ ၄ ရက်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသားများပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှုများ (Students participation initiatives–SPI) အကောင်အထည်ဖော်ရေးလုပ်ငန်း မြို့နယ်အဆင့် ဆွေးနွေးပွဲကျင်းပရာ ဆွေးနွေးပွဲသို့ ပြည်မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်း နှစ်ဦးအပါအဝင် မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမ ၇၆ ဦးနှင့် နည်းပြလေးဦး စုစုပေါင်း ၈၂ ဦးတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ခရိုင်ပညာရေးမှူး ဒေါ်စန်းစန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နော်အေးမေက ကျောင်းသား၊ ကျောင်းသူများအား ကျောင်းနေဘဝကို ပိုမိုနှစ်သက်ပျော်ရွှင်ပြီး ကလေးများကျောင်းနေမြဲရန်၊ ကျောင်းပြင်ပရောက်ကလေးများ ကျောင်းသို့ပြန်လည်ရောက်ရှိလာစေရန်၊ ဆယ်ကျော်သက်များအတွက် အရေးပါသည့် ကောင်းမွန်သော ဘဝနေထိုင်မှုဆိုင်ရာအသိပညာများ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ ဖွံ့ဖြိုးလာစေရန်၊ နိုင်ငံ့သားကောင်းများဖြစ်လာစေရန်၊ အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အများနှင့်ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ ဆက်သွယ်ပြောဆိုတတ်မှု၊ အပြန်အလှန်လေးစားမှု၊ ညှိနှိုင်းဆောင်ရွက်တတ်မှု စသည့် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ ကျွမ်းကျင်မှုများဖွံ့ဖြိုးလာစေရန်ရည်ရွယ်ချက်များဖြင့် ဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို နိုဝင်ဘာလ ၄ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိပြီး ဆွေးနွေးပွဲတွင် ကျောင်းသားများပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သိရှိရမည့်အခြေခံအချက်များ၊ အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍအလိုက် ကျောင်းသား၊ မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြင့်ရေးဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**




# လှိုင်းဘွဲ့မြို့နယ် တာကရား(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

လှိုင်းဘွဲ့ နိုဝင်ဘာ ၄

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တာကရား(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာလ ၄ ရက်တွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက တာကရား(ရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၅၀၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# ငပုတောမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၉၃၄၈ ဧက စိုက်ပျိုးပြီးစီး

ငပုတော နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၉၃၄၈ ဧကကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာထွန်း၏ပြောဆိုချက်အရ သိရသည်။

အဆိုပါသီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့ စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

''ဒီနှစ် ငပုတောမြို့နယ်မှာ ဟင်းသီးဟင်းရွက်တွေအပါအဝင် သီးနှံစုံ ၉၃၄၈ ဧကအထိ လျာထားစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့ ပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးနေပါတယ်။ လိုအပ်တဲ့သွင်းအားစုတွေကိုလည်း သီးနှံတွေမစိုက်မီအချိန်ကတည်းက ပံ့ပိုးပေးခဲ့ပါတယ်။ သီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တခြားဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု ဦးကျော်စွာထွန်းကပြောသည်။

ငပုတောမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၇၅၆ ဧက၊ မြေပဲ ဧက ၇၁၀၊ နှမ်း ၁၃၃ ဧက၊ ကြက်ပေါင်စေး ၃၆၇၃ ဧက၊ ပဲစင်းငုံ ၂၀၅ ဧက၊ ငရုတ် ၆၄ ဧက၊ နနွင်း ၄၂ ဧက၊ ကြံ ၉၃ ဧက၊ ကွမ်းရွက် ၈၈ ဧက၊ ပီလောပီနံ ၈၉၃ ဧက၊ ပိန်းဥ ၂၉၄ ဧက၊ ဟင်းသီးဟင်းရွက် ၂၃၉၇ ဧကဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားနည်းများအလိုက် အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပါဝင်နွဲပျော် ဂုဏ်ယူဖွယ်ရာ အမျိုးသားအားကစားပွဲတော်နှင့် ယှဉ်ပြိုင်နွဲပျော် အမျိုးသားအားကစားပွဲတော် ဗီဒီယိုမှတ်တမ်းတို့ကိုပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုနှစ်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားသမားများစွာပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အားကစားနည်းခြောက်မျိုးတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် ကိုယ်စွမ်းကိုယ်စရှိရှိ၊ ဂုဏ်သိက္ခာရှိရှိ၊ ညီညီညွတ်ညွတ်၊ စိတ်ဓာတ်ကောင်းကောင်းဖြင့် ရေဆုံးမြေဆုံးအထိ ပါဝင်ယှဉ်ပြိုင်သွားကြရန် မှာကြားလိုကြောင်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက အားကစားနည်းများအလိုက် ခင်းကျင်းပြသထားသည့် အားကစားဝတ်စုံများ၊ လေ့ကျင့်ရေးသုံးပစ္စည်းများ၊ တစ်ပတ်စာအစားအစာများ၊ ဆေးပစ္စည်းများနှင့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကာ ပြိုင်ပွဲဝင်အားကစားသမားများအား လိုအပ်သည်များမှာကြားပြီး အားပေးစကားပြောကြားသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ပြန်ကြားရေးဝန်ကြီးဌာနက ဂေါက်သီးရိုက်(အလွတ်တန်း)၊ ပိုက်ကျော်ခြင်း(ကျား)၊ ဘောလုံး(ကျား)၊ ပြေးခုန်ပစ်(ကျား၊ မ)၊ ဘော်လီဘော(ကျား)နှင့် ဖူဆယ်(ဘောလုံး)(ကျား)တို့တွင် အုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစားသမားများ စုစုပေါင်း ၁၁၄ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ (မြဝတီ)

# ဌာနပိုင် ဇင်ယော်ရေယာဉ်များကြံ့ခိုင်မှုနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၄

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် Yangon Innovation Centre (YIC) ရှေ့ရှိ ကျန်းမာရေးဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော ရေကြောင်းဆိုင်ရာလူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများဆောင်ရွက်သည့် ဌာနပိုင်ဇင်ယော်(၁)၊ (၂)၊ (၃) ရေယာဉ်သုံးစင်းကို ရေယာဉ်တစ်စင်းချင်းအလိုက် ဝန်ထမ်းများတာဝန်ထမ်းဆောင်မှု၊ စက်ခန်းများနှင့် ရေယာဉ်တက်မခန်းများ အခြေအနေ၊ ရေယာဉ်တစ်စင်းချင်းအလိုက် ဒေါက်တင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် စစ်ဆေးရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့သွားရောက်၍ လေဆိပ်ရှိ CIP Leunge အစည်းအဝေးခန်းမ၌ လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများကို တွေ့ဆုံသည်။


ထို့နောက် လေဆိပ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြည်ပထွက်ခွာစစ်ဆေးရေးကောင်တာများ၌ ဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်မှုနှင့် လူဝင်မှုကြီးကြပ်ရေးမှတ်တမ်းများ ထိန်းသိမ်းထားရှိသည့် iBMC ဆာဗာခန်းအခြေအနေ၊ ရက်လွန်ဒဏ်ကြေးအခငွေ ကောက်ခံဆောင်ရွက်သည့်ကောင်တာနှင့် အလုပ်သမားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများသတင်းပို့ကောင်တာ၊ ပြည်ပဆိုက်ရောက်ကောင်တာများ၌ ဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်မှုနှင့် ဆိုက်ရောက်ဗီဇာ (Visa on Arrival) ဖြင့်ရောက်ရှိလာသည့် ခရီးသည်များ စစ်ဆေးခွင့်ပြုဆောင်ရွက်သည့်ကောင်တာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြဝတီ)

❑ ကျောဖုံးမှအဆက်

လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း နိုဝင်ဘာလ ၆ ရက်နေ့မှ နိုဝင်ဘာလ ၈ ရက်နေ့အတွင်း ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)




# မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်(One Map Myanmar) Geo Database ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) Geo Database ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြေတိုင်းဦးစီးဌာနရုံး၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအမှူးများ၊ တပ်မတော်သတင်းအချက်အလက်နှင့် နည်းပညာသုတေသနဌာနမှတာဝန်ရှိသူများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်အား မြေအသုံးချမှုနှင့်ဆက်စပ်သည့်ဌာန/လုပ်ငန်းများ၏မြေပြင်ဆိုင်ရာသတင်းအချက်အလက် ကိန်းဂဏန်းများ ကောက်ယူစုစည်း၍ ပွင့်လင်းမြင်သာသော မြေအသုံးချစီမံအုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက်များဆောင်ရွက်နိုင်ရန်၊ တိကျသော သတင်းအချက်အလက်များစနစ်တကျသိမ်းဆည်းခြင်းနှင့် မြေပုံထုတ်လုပ်ခြင်းနည်းပညာများဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်နိမိတ်တိုင်းတာရေး ကိရိယာများပြသထားမှု ပြခန်းနှင့် သင်တန်းသားများအား Geo Database ထည့်သွင်းခြင်း လက်တွေ့သင်ကြားပို့ချမည့် ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက်စနစ် - GIS အခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သင်တန်းတွင် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဦးစီးဌာန/လုပ်ငန်း/ အဖွဲ့ ၅၁ ဌာနမှ သင်တန်းသား ၈၆ ဦးကို အမျိုးသားမြေပုံစနစ်တွင်အသုံးပြုမည့် GIS နည်းပညာနှင့်ပတ်သက်သည့် အချက်အလက်များ ပြင်ဆင်ဖြည့်စွက်ခြင်း၊ မှန်/မမှန်စစ်ဆေးခြင်း၊ "စံ" ပုံစံများ၊ Webpage၊ Dashboard နှင့် User Interface တည်ဆောက်ခြင်းများကို သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ စာတွေ့လက်တွေ့ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(မြဝတီ)

# မဟာမဲခေါင်ဒေသခွဲ(GMS)၏ ဗျူဟာများနှင့် အမိမြန်မာနိုင်ငံ

ကျော်တေဇ(ဥက္ကလာ)

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာမှာ နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနဲ့ ကာကွယ်ရေးမောင်းနှင်အားဆိုပြီး မောင်းနှင်အားသုံးမျိုးရှိပါတယ်။ နိုင်ငံရေးတည်ငြိမ်မှုရှိမယ်၊ စည်းလုံးညီညွတ်မှုရှိမယ်ဆိုရင် နိုင်ငံရေးအားကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အားကောင်းမွန်ပါကလည်း ကာကွယ်ရေးအင်အားကောင်းမွန်မှာဖြစ်ပါတယ်။ ဒီအင်အားနှစ်ခုကောင်းမွန်နေဖို့အတွက် အခြေခံကတော့ စီးပွားရေးအင်အားပဲဖြစ်ပါတယ်။ စီးပွားရေးမောင်းနှင်အားဟာ တိုင်းပြည်အတွက် အဓိကကျပါတယ်။

မိမိတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေကို အောင်မြင်အောင်ထုတ်လုပ်နိုင်တဲ့ အခြေခံကောင်းတွေကို ပိုင်ဆိုင်ထားရှိတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် နိုင်ငံတကာမှာ စားရေရိက္ခာလုံခြုံရေး Food Security ကို များစွာအထောက်အကူပြုနိုင်တဲ့နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ ဒီအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့စားသောက်ကုန်တွေ၊ လူသုံးကုန်တွေကို ဒေသထွက်ကုန်ကြမ်းတွေ အသုံးပြုပြီး အရည်အသွေးမြင့်ထုတ်လုပ်ကာ ဒေသတွင်းစီးပွားရေးဖြစ်တဲ့ ပြည်တွင်းထွက်ကုန်ကနေ ပြည်ပပို့ကုန်ထိ မျှော်မှန်းဆောင်ရွက်နိုင်ကြမယ်ဆိုရင် နိုင်ငံ့စီးပွားရေးတိုးတက်မှုရေချိန်တစ်ခုကို အားလုံးလှမ်းမျှော် မြင်တွေ့ကြမှာလည်း ဖြစ်ပါတယ်။ ဒီကတစ်ဆင့် ပြည်ပပို့ကုန်ဆိုတဲ့အပိုင်းမှာလည်း မိမိတို့နိုင်ငံရဲ့ ဘိုးဘွားအမွေ ပထဝီမြေဟာ ဘယ်လိုနေရာမျိုးပိုင်ဆိုင်ထားပါသလဲ၊ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့စီးပွားရေးကို ပြည်ပအထိ ဘယ်လိုထိုးဖောက်ဆောင်ရွက်သွားမလဲဆိုတာ နိုင်ငံသားတိုင်း သိသင့်တဲ့အချက်တစ်ချက်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနေရာမှာ စာရေးသူဟာ မြန်မာနိုင်ငံပါဝင်တဲ့ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းအစီအစဉ်တွေနဲ့ မြန်မာနိုင်ငံရဲ့မဟာဗျူဟာရည်မှန်းချက်အချို့ကို စာဖတ်သူများထံ သတင်းစကားပါးသွားမှာပဲဖြစ်ပါတယ်။

**မဟာမဲခေါင်ဒေသခွဲ( Greater Mekong Subregion–GMS ) ဆိုသည်မှာ**

စာရေးသူဆိုခဲ့တဲ့ မဟာဗျူဟာရည်မှန်းချက်တွေကို မပြောခင်မှာ မဟာမဲခေါင်ဒေသခွဲရဲ့ သမိုင်းအကျဉ်းကို စာဖတ်သူတို့နဲ့ မိတ်ဆက်ပေးချင်ပါသေးတယ်။ မဟာမဲခေါင်ဒေသခွဲ( Greater Mekong Subregion–GMS ) ဟာ အင်ဒိုချိုင်းနားကျွန်းဆွယ်မှာ တည်ရှိပါတယ်။ အာရှဒေသမှာရှိတဲ့ မဲခေါင်မြစ်ရဲ့ နိုင်ငံဖြတ်ကျော်ဒေသတစ်ခုလို့ ဆိုရပါမယ်။ အာရှဖွံ့ဖြိုးရေးဘဏ်( Asian Development Bank–ADB) ဟာ ၁၉၉၂ ခုနှစ်မှာ အာရှဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တစ်ခုကို စတင်ရေးဆွဲခဲ့တယ်။ ဒီအစီအစဉ်မှာ အာရှဒေသတွင်း ခြောက်နိုင်ငံဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နဲ့ တရုတ်နိုင်ငံတို့ ပါဝင်ခဲ့ကြတယ်။ မဟာမဲခေါင်ဒေသခွဲ(GMS) ဆိုတာ မဲခေါင်မြစ်ဖြတ်သန်းစီးဆင်းရာတစ်လျှောက်ဖြစ်ပြီး မြေဧရိယာအကျယ်အဝန်း ၂ ဒသမ ၆ သန်း စတုရန်းကီလိုမီတာနဲ့ လူဦးရေပေါင်း ၃၂၆ သန်းကျော် မှီတင်းနေထိုင်တဲ့ ဒေသခွဲကြီးတစ်ခုလည်းဖြစ်ပါတယ်။ ဒါ့ပြင် မဟာမဲခေါင်ဒေသခွဲဟာ အရှေ့အာရှ၊ တောင်အာရှနဲ့အရှေ့တောင်အာရှဒေသတွေရဲ့ Land Bridge (ကုန်းမြေပေါင်းကူး)တစ်ခုအဖြစ် မဟာဗျူဟာကျကျ အရေးပါနေတယ်ဆိုတာကို စာဖတ်သူများဆီ မျှဝေပေးလိုပါတယ်။

မဟာမဲခေါင်ဒေသခွဲ(GMS)အတွင်းမှာရှိတဲ့ နိုင်ငံတွေဟာ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် မဲခေါင်မြစ်ကော်မရှင်(Mekong River Commission –MRC)၊ မဟာမဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(GMS – Programme) နဲ့ အာဆီယံ–မဲခေါင်ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ( ASEAN – Mekong Basin Development Cooperation –AMBDC) စတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု




ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တွေကိုပါ ချမှတ်ဆောင်ရွက်နေတာကို တွေ့ရပြန်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ကြတဲ့နေရာမှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများရဲ့ ငွေကြေးဆိုင်ရာထောက်ပံ့ကူညီမှုများကို ရယူဆောင်ရွက်ကြသလို အဓိကထောက်ပံ့ပေးတဲ့အဖွဲ့အစည်းကတော့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ပဲဖြစ်ပါတယ်။

မဟာမဲခေါင်ဒေသခွဲ(GMS)ရဲ့ ပူးပေါင်းဆောင်ရွက်မှုအဓိကရည်ရွယ်ချက်ကတော့ **ပိုမိုပေါင်းစည်း၍ ပြည့်စုံကြွယ်ဝပြီး လိုက်လျောညီထွေမှုရှိသည့် မဲခေါင်ဒေသခွဲဖြစ်လာစေရေး၊ ချိတ်ဆက်မှု (Connectivity) ပိုမိုကောင်းမွန်လာစေရေး၊ ယှဉ်ပြိုင်နိုင်စွမ်း( Competitiveness) မြင့်မားလာစေရေးနှင့် အသိုက်အဝန်း(Community) စိတ်ဓာတ်ကို မြှင့်တင်ရေး**တွေပဲဖြစ်ပါတယ်။

**မဟာမဲခေါင်ဒေသခွဲ၏ မဟာဗျူဟာဦးတည်ချက်**

လူ့အဖွဲ့အစည်းမှာပဲဖြစ်ဖြစ်၊ ဒေသတွင်းနိုင်ငံတွေကြားမှာပဲဖြစ်ဖြစ်၊ ကမ္ဘာကြီးအတွင်းမှာပဲ ဖြစ်ဖြစ် ပေါ်ပေါက်လာတဲ့ အဖွဲ့အစည်းဟာ မည်ရွေ့မည်မျှ ခိုင်မာကျစ်လျစ်လည်းဆိုတာကို အားလုံးသိချင်ကြမှာပါပဲ။ သူတို့ဘာတွေလုပ်ကြမှာလဲ၊ ဒေသတွင်းကတစ်ဆင့် ပါဝင်တဲ့နိုင်ငံတွေထိ အမျိုးသားအကျိုးစီးပွားမည်ရွေ့မည်မျှ ခိုင်မာကောင်းမွန်သွားကြမှာလဲ၊ ပြည်သူတွေဘယ်လောက် မျှော်လင့်ချက်ရေချိန်ထားနိုင်ကြမှာလဲ စတဲ့အချက်တွေဟာ ပေါ်ပေါက်လာတဲ့ ဒီအဖွဲ့အစည်းကြီးကို အကဲခတ်မေးမြန်းနေကြမယ့် မေးခွန်းများလည်းဖြစ်ပါတယ်။ ဥပမာ လက်ရှိကမ္ဘာကြီးက စိတ်ဝင်တစား စောင့်ကြည့်နေကြတဲ့ BRICS အဖွဲ့အစည်းကြီးကို စိတ်ဝင်တစား စောင့်ကြည့်နေကြသလိုမျိုးလို့ ဆိုရမှာပေါ့။

**GMS** လို့ခေါ်တဲ့ မဟာမဲခေါင်ဒေသခွဲအဖွဲ့အစည်းရဲ့ အစီအစဉ်ကဏ္ဍတွေကို လေ့လာကြည့်ကြမယ်ဆိုရင်–

(၁) သယ်ယူပို့ဆောင်ရေးကဏ္ဍ (Transport)
(၂) စွမ်းအင်ကဏ္ဍ (Energy)
(၃) ဆက်သွယ်ရေးကဏ္ဍ(ICT)
(၄) လယ်ယာစိုက်ပျိုးရေးကဏ္ဍ (Agriculture)
(၅) သဘာဝပတ်ဝန်းကျင်ကဏ္ဍ (Environment)
(၆) ခရီးသွားလုပ်ငန်းကဏ္ဍ (Tourism)
(၇) ကျန်းမာရေးကဏ္ဍ (Health)
(၈) ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍ(Transport and Trade Facilitation)
(၉) မြို့ပြဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ (Urban Development)

**နိုင်ငံတော်အစိုးရတစ်ရပ်ဟာ အမျိုးသားအကျိုးစီးပွားအတွက် မဆုတ်မနစ်သောဇွဲနဲ့ ကြိုးပမ်းဆောင်ရွက်နေချိန်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဟာ မှန်ကန်တဲ့အမြင်နဲ့ ရှုမြင်တတ်ဖို့လိုပြီး ကျစ်လျစ်တဲ့စုပေါင်းအားနဲ့ ဝန်းရံထောက်ခံဖို့အရေးကြီး၊ ဒါဟာ ပြည်သူတစ်ရပ်လုံးအတွက် တာဝန်ထက်ပိုတဲ့ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုတရားတစ်ခုသာဖြစ်. . .**

(၁၀) အခြားကဏ္ဍပေါင်းစုံနှင့် နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များ ( Other Multi–sector)စတဲ့ ကဏ္ဍအသွယ်သွယ်ရဲ့ လုပ်ငန်းတွေကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြဖို့ မဟာဗျူဟာ ဦးတည်ချက်တွေချမှတ်ထားတာကို လေ့လာတွေ့ရှိရတယ်။

**မဟာမဲခေါင်ဒေသခွဲ(GMS)၏ ဖွဲ့စည်းဆောင်ရွက်မှုများ**

GMS ဒေသတွင်းနိုင်ငံများရဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများရဲ့တိုးတက်မှုအခြေအနေ အရပ်ရပ်ကိုတော့ GMS ထိပ်သီးအစည်းအဝေး၊ GMS စီးပွားရေးစကြံ်များဖိုရမ်၊ GMS ဝန်ကြီးအဆင့် အစည်းအဝေး၊ GMS အဆင့်မြင့်အရာရှိများအစည်းအဝေးနဲ့ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့တွေဖွဲ့စည်းပြီး ဆောင်ရွက်တာကိုတွေ့ရတယ်။ GMS ရဲ့ (၈)ကြိမ်မြောက်ထိပ်သီးအစည်းအဝေးကိုတော့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှာ ကျင်းပသွားမှာလည်းဖြစ်ပါတယ်။ မဟာမဲခေါင်ဒေသခွဲရဲ့ ကဏ္ဍအလိုက်လုပ်ငန်း(၇)ရပ်လွယ်ကူစွာဆောင်ရွက်နိုင်ဖို့ လုပ်ငန်းအဖွဲ့တွေ၊ ကော်မတီတွေနဲ့ ဖိုရမ်များကိုဖွဲ့စည်းပြီး ဆွေးနွေးညှိနှိုင်းမှုတွေ ဆောင်ရွက်နေတာကို တွေ့ရတယ်။ ဒီကဏ္ဍတွေကတော့ –

(၁) စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့
(၂) ဒေသတွင်း စွမ်းအင်ကုန်သွယ်မှုညှိနှိုင်းရေးကော်မတီ
(၃) ဒေသခွဲပို့ဆောင်ရေးဖိုရမ်
(၄) ခရီးသွားလုပ်ငန်းအဖွဲ့
(၅) မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့
(၆) ကျန်းမာရေးပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့
(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့

စတဲ့ကဏ္ဍတွေအလိုက်၊ လုပ်ငန်းအဖွဲ့အလိုက်၊ ကော်မတီအလိုက် ဆွေးနွေးညှိနှိုင်းကြတာပဲဖြစ်တယ်။ ဒီနေရာမှာ မြန်မာနိုင်ငံရဲ့ GMS ဝန်ကြီးအဖြစ် မည်သူကတာဝန်ယူပြီး နိုင်ငံအနေနဲ့ မည်သည့်လုပ်ငန်းတွေမှာ ပါဝင်နေကြတာလဲ၊ ကိုယ့်နိုင်ငံရဲ့ ပထဝီမြေအနေအထားကရော မဟာမဲခေါင်ဒေသခွဲစီမံကိန်းမှာ ဘယ်လောက်အရေးပါလဲဆိုတဲ့ အချက်ဟာ ကျွဲကူးရေပါအသိမျိုးမဟုတ်ဘဲ တိတိပပသိရမယ့်အချက်ဖြစ်လာတာကို တွေ့ရပြန်ပါတယ်။

**မဟာမဲခေါင်ဒေသခွဲ(GMS) တွင် မြန်မာနိုင်ငံမှ ဆောင်ရွက်မှုများ**

မြန်မာနိုင်ငံရဲ့ GMS ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေတာကတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးပဲဖြစ်ပါတယ်။ ဒါ့ပြင် မြန်မာနိုင်ငံရဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံညှိနှိုင်းရေးမှူးရုံး၊ နိုင်ငံဆိုင်ရာအတွင်းရေးမှူးရုံးတွေအဖြစ် တာဝန်ယူဆောင်ရွက်ပါတယ်။ ဒီနေရာမှာ GMS အစီအစဉ်ကဏ္ဍများရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာပါဝင်တဲ့ GMS စီးပွားရေးစင်္ကြံလမ်းကြောင်းသုံးခုကို ကနဦးသိဖို့ လိုအပ်ပါတယ်။

**စာမျက်နှာ ၁၃ သို့** ❍

❍ စာမျက်နှာ ၁၂ မှအဆက်

ဒီစင်္ကြံသုံးခုကိုကတော့ မြန်မာနိုင်ငံနဲ့ GMS အဖွဲ့ဝင်နိုင်ငံများကြား တောင်-မြောက်စီးပွားရေးစင်္ကြံမှာ ရန်ကုန် - ကူမင်း၊ အရှေ့-အနောက်စီးပွားရေးစင်္ကြံမှာ ဒါနန်း (ဗီယက်နမ်)-မော်လမြိုင်(မြန်မာ)-သီလဝါ (တိုးချဲ့)နဲ့ တောင်ပိုင်းစီးပွားရေးစင်္ကြံမှာ ဗန်ကောက်-ကန်ချနာဘူရီ-ထားဝယ်တိုးချဲ့အပိုင်းဆိုတဲ့ စင်္ကြံသုံးခုနဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသတစ်လျှောက်ရဲ့ စာဖတ်သူများအနေနဲ့ မိမိဒေသများရဲ့ နိုင်ငံအတွက်အရေးပါမှုနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝစတဲ့ အနာဂတ်ပုံရိပ်များကို လှမ်းမျှော်ရှုမြင်နိုင်မှာပဲဖြစ်ပါတယ်။

GMSအဖွဲ့ဝင်မြန်မာနိုင်ငံအနေနဲ့ တိုးတက်ပြောင်းလဲလာမယ့် လူဦးရေ၊ လူမှုစီးပွား၊ ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ အချက်အလက်တွေကို ကြိုတင်တွက်ဆထားပြီးဖြစ်တယ်။ တွက်ဆထားချက်များအရ နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးပြည့်ဝစေဖို့ GMS ၏ ကျန်းမာရေးမဟာဗျူဟာနှင့် ချိတ်ဆက်ပြီး ဒေသန္တရအစိုးရတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှုတွေရှိနေကြောင်း လေ့လာတွေ့ရှိရတယ်။ နိုင်ငံတော်ရဲ့စီးပွားရေး ရည်မှန်းချက်ဖြစ်တဲ့ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်တွေကို ခေတ်မီနည်းစနစ်တွေသုံးပြီး အလေးထားဆောင်ရွက်လျက်ရှိတယ်။ ပြည်တွင်းပို့ကုန်မှသည်ပြည်ပပို့ကုန်အထိ တိုးမြှင့်နိုင်ဖို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ဦးတည်ချက်ချမှတ်ဆောင်ရွက်နေတာကို စာဖတ်သူတို့ သိမြင်ပြီးသားပဲဖြစ်ပါတယ်။ GMS အဖွဲ့ဝင်နိုင်ငံများနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေအပြင် အဖွဲ့ဝင်နိုင်ငံများနှင့်ချုပ်ဆိုခဲ့တဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များအပါအဝင် အခြားသောနိုင်ငံတကာ ကတိကဝတ်များကိုလည်း တက်ညီလက်ညီအကောင်အထည်ဖော်ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

**မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဦးတည်ချက်**

စီးပွားရေးကဏ္ဍတိုးတက်မှုတွေကို နိုင်ငံများမှာ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနဲ့ဝန်ဆောင်မှုကဏ္ဍစတဲ့ ကဏ္ဍတစ်ခုခုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုကြည့်ပြီး နိုင်ငံတော်၏ GDP ကို တွက်ချက်ကြပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားတဲ့ စီးပွားရေးဦးတည်ချက်များတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အဓိကအခြေခံထားတာကိုလည်း တွေ့ရမှာပဲဖြစ်ပါတယ်။ ဒီလို အခြေခံထားရခြင်းအကြောင်းကလည်း မိမိနိုင်ငံရဲ့ ပထဝီပိုင်ဆိုင်မှုကိုက စိုက်ပျိုးမွေးမြူရေးကို အခြေခံစေတဲ့ သမိုင်းမြေခံဖြစ်နေလို့ပဲဆိုတာကို အားလုံးသိမြင်နားလည်ကြရပါမယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများက ရရှိလာတဲ့ ထွက်ကုန်တွေကို ကုန်ထုတ်စွမ်းအားစုတွေအဖြစ်ပြောင်းလဲပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပပို့ကုန်မြှင့်တင်ရေးအထိ တိုးချဲ့မျှော်မှန်းဆောင်ရွက်ကြရပါမယ်။ မိမိနိုင်ငံရဲ့ ပြည်တွင်းထုတ်လုပ်မှုအတွက် အသေချာဆုံးလုပ်ငန်းဟာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်ခြင်းပဲဖြစ်ပါတယ်။

ဒါကြောင့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကနေကုန်ထုတ်လုပ်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မဖြစ်မနေတိုးမြှင့်ဆောင်ရွက်သွားဖို့ တိုက်တွန်းပြောကြားနေခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ သူ့လူ့စွမ်းအားအရင်းအမြစ်၊ သူ့ Product များနဲ့သူ နိုင်ငံ့စီးပွားရေးကို ခိုင်မာအောင်တည်ဆောက်နေကြပါတယ်။ ကိုယ့်နိုင်ငံအနေနဲ့လည်း ကိုယ့်လူ့စွမ်းအားအရင်းအမြစ်၊ ကိုယ့် Product ကို ကိုယ်တိုင်တည်ဆောက်ပြီး ကမ္ဘာကိုပြသနိုင်ရပါမယ်။ ကိုယ့်နိုင်ငံစီးပွားရေးကို အရှိန်အဟုန်မြှင့်တိုးတက်ပြီး ပုံမှန်လည်ပတ်နိုင်အောင် ကြိုးစားကြရပါမယ်။ ဟုတ်ပါပြီ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရဲ့ရှုထောင့်ကနေကြည့်ရင်လည်း ကိုယ့်နိုင်ငံရဲ့ပိုင်ဆိုင်ထားတဲ့ ရေခံမြေခံကောင်းဟာ မဟာမဲခေါင်ဒေသခွဲ (GMS)ရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာ မည်ရွေ့မည်မျှ အရေးပါနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

နောက်တစ်ခုစာရေးသူစိတ်ဝင်စားတာကတော့ သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍပါပဲ။ အဲဒါနဲ့ဆက်စပ်တဲ့ မဟာဗျူဟာကတော့ စင်္ကြံသုံးခုပါပဲ။ ဒီအပိုင်းမှာလည်း ကိုယ့်နိုင်ငံရဲ့ ပြည်ထောင်စုလမ်းမကြီးတွေရဲ့ အရေးပါနေပုံကို လယ်ပြင်မှာဆင်သွားသလို အထင်းသားမြင်နေရပြန်ပါတယ်။ ဒါ့ပြင် ပြည်တွင်းရေလမ်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေကလည်း တွဲဖက်အရေးပါလာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်ဆိုင်တဲ့သယ်ယူပို့ဆောင်ရေးလမ်းမကြီးတွေဟာ အမိမြန်မာနိုင်ငံမှသည် မဟာမဲခေါင်ဒေသခွဲထိဆိုတဲ့ ခရီးပန်းတိုင်တစ်ခုထိ ဦးတည်နေတယ်ဆိုတာကို အမိမြေရဲ့ သမိုင်းရေခံမြေခံတွေက သက်သေညွှန်းဆိုနေပါတယ်။ ဒီလမ်းကြောင်းတွေကတစ်ဆင့်မြင်လာရမယ့် အခြားသော ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များဟာ ကန့်လန့်ကာနောက်ကွယ်က ပြကွက်ပြရုပ်များပမာ စိတ်ဝင်စားစရာကောင်းလွန်းပါတယ်။

အဓိက သယ်ယူပို့ဆောင်ရေးလမ်းများဆီက နယ်စပ်ကုန်သွယ်ရေးဇုန်များရဲ့ အရေးပါမှုကိုလည်း အထင်းသားမြင်ရပြန်ပါတယ်။ဒီလမ်းမကြီးများမှာ မည်သို့သော အခက်အခဲအတားအဆီးများရှိနေစေကာမူ GMS အဖွဲ့ဝင်နိုင်ငံတစ်ခု၊ အဖွဲ့ဝင်နိုင်ငံများရဲ့ အသိုင်းအဝိုင်းနှင့်ဆိုလျှင် တစ်စတစ်စပျောက်ကွယ်သွားမယ့် ဒီအခက်အခဲအတားအဆီးများရဲ့ အနာဂတ်မှေးမှိန်သွားနိုင်မှုကိုလည်း မှန်းဆမြင်တွေ့နိုင်မှာပဲဖြစ်တယ်။ ဒါဆိုရင် အစိုးရတစ်ရပ်ခိုင်မာစေရေးဟာ အဓိကအရေးပါနေပြီး ခိုင်မာတဲ့အစိုးရတစ်ရပ် ပိုင်ဆိုင်နိုင်ရေးဟာ တိုင်းရင်းသားပြည်သူများရဲ့ မှန်ကန်တဲ့အတွေးအခေါ် အယူအဆရွေးချယ်မှုများဟာ အဓိကကျကြောင်း ညွှန်းဆိုနေပြန်ပါတယ်။ နိုင်ငံတော်ရဲ့တာဝန်ကိုထမ်းဆောင်တဲ့ ဘယ်အစိုးရမဆို နိုင်ငံကောင်းအောင်ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ နိုင်ငံတော်အစိုးရတစ်ရပ်ဟာ အမျိုးသားအကျိုးစီးပွားအတွက် မဆုတ်မနစ်သောဇွဲနဲ့ ကြိုးပမ်းဆောင်ရွက်နေချိန်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဟာ မှန်ကန်တဲ့အမြင်နဲ့ ရှုမြင်တတ်ဖို့လိုပြီး ကျစ်လျစ်တဲ့စုပေါင်းအားနဲ့ ဝန်းရံထောက်ခံဖို့ အရေးကြီးပါတယ်၊ ဒါဟာ ပြည်သူတစ်ရပ်လုံးအတွက် တာဝန်ထက်ပိုတဲ့ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုတရားတစ်ခုသာဖြစ်ကြောင်း အသိပေးနှိုးဆော်လိုပါတယ်။

မဟာမဲခေါင်ဒေသခွဲ(GMS)ရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းအစီအစဉ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အားတက်သရော ကြိုးပမ်းဆောင်ရွက်နေတာကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ သမိုင်းကပေးတဲ့ ပထဝီဆိုတဲ့ ရေ၊ မြေ အခြေခံကောင်းတွေကြောင့် အမိမြန်မာနိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်ခုဆီဆိုတဲ့ ရည်မှန်းချက်ကို မဆုတ်မနစ် လျှောက်လှမ်းခွင့်ရခဲ့တာပဲဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ့လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမှုစတဲ့ တိုးတက်မှုအခြေခံကောင်းများကို မြင်တွေ့နိုင်စေဖို့ မဟာမဲခေါင်ဒေသခွဲဗျူဟာများနှင့် အမိမြန်မာနိုင်ငံဟူသော ဆောင်းပါးလေးဖြင့် စာလွှာပါးလိုက်ရပါတော့တယ်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၄-၁၁-၂၀၂၄ ရက်နေ့အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | မှတ်ချက် |
|---|---|---|
| ဟားခါးမြို့ | ၇.၀ | ပထမအနည်းဆုံး |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၉.၃ | ဒုတိယအနည်းဆုံး |
| တီးတိန်မြို့ | ၁၀.၅ | တတိယအနည်းဆုံး |
| လွိုင်လင်မြို့ | ၁၁.၄ | |
| ပြင်ဦးလွင်မြို့ | ၁၂.၃ | |

# ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကုမ္ပဏီများ၏တင်ပြချက်အရ ဓာတ်မြေသြဇာအတွက် လိုင်စင်ရရှိပြီး တန်ချိန် ၈၁၀၅၀၁ ဒသမ ၂၄ တန်ရှိပြီး မတ်လလက်ကျန်နှင့် ဧပြီလမှစ၍ တင်သွင်းပြီး တန်ချိန်စုစုပေါင်း ၇၂၁၅၃၁ ဒသမ ၄ တန်ရှိကြောင်း၊ ဖြန့်ဖြူးရောင်းချပြီးမှုအနေဖြင့် တန်ချိန် ၅၁၂၉၈၃ ဒသမ ၈၄ တန်ရှိပြီး ဂိုဒေါင်လက်ကျန်အနေဖြင့် တန်ချိန် ၂၀၈၅၄၈ ဒသမ ၀၉ တန်ရှိကြောင်း၊ ပိုးသတ်ဆေးအတွက် လိုင်စင်ရပြီး တန်ချိန် ၁၂၇၇၂ ဒသမ ၃၇ တန်ရှိပြီး မတ်လလက်ကျန်နှင့်ဧပြီလမှစ၍ တင်သွင်းပြီး တန်ချိန်စုစုပေါင်း ၁၉၃၀၈ ဒသမ ၇၆ တန်ရှိကြောင်း၊ ဖြန့်ဖြူးရောင်းချပြီးမှုအနေဖြင့် တန်ချိန် ၁၅၉၇၈ ဒသမ ၁၈ တန်ရှိပြီး ဂိုဒေါင်လက်ကျန်အနေဖြင့် တန်ချိန် ၃၃၃၀ ဒသမ ၅၈ တန်ရှိကြောင်း။

ထုတ်ပြန်ထားသောရည်ညွှန်းဈေးနှုန်းများမှာ အောက်တိုဘာလ ၃၁ ရက်၌ သတ်မှတ်ကာလပြည့်ပြီဖြစ်သည့်အတွက် ဈေးနှုန်းထပ်မံ သတ်မှတ်ရမည်ဖြစ်ပြီး ယှဉ်ပြိုင်ဈေးနှုန်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

ယင်းနောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ သုံးလအတွက် ကုမ္ပဏီအလိုက် တင်သွင်းမည့်မြေသြဇာနှင့် ပိုးသတ်ဆေးတန်ချိန်များ အတည်ပြုမှတ်တမ်းတင်ပေးရန်နှင့် နိုင်ငံတကာဈေးနှုန်း အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်က မြေသြဇာဈေးနှုန်းများနှင့် ဝယ်ယူဖြန့်ဖြူးရောင်းချအသုံးပြုမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ကော်မတီအဖွဲ့ဝင်ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်တို့က ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါရုံး စုပေါင်းအစည်းအဝေးခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာနအောက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)သို့ တက်ရောက်အောင်မြင်ပြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ အကြီးတန်းစာရေးရာထူးအဆင့်ဖြင့် လာရောက်တာဝန်ထမ်းဆောင်ကြမည့် ကျောင်းဆင်းကျောင်းသား ၄၆ ဦး၊ ကျောင်းသူ ၂၃ ဦး စုစုပေါင်း ၆၉ ဦးနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

(၅၀၀)

# ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၁၁) မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၅)မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၃/၂၀၂၄ (မန္တလေး)နှင့် တရားမအထူးအယူခံမှုအမှတ် ၅၂/၂၀၂၄ (ရန်ကုန်)၊ ၅၅/၂၀၂၄ (ရှမ်း)၊ ၅၆/၂၀၂၄ (မန္တလေး)၊ ၆၂/၂၀၂၄ (ပဲခူး)၊ ၆၄/၂၀၂၄ (ရန်ကုန်)၊ ၆၅/၂၀၂၄ (မွန်)၊ ၅၃/၂၀၂၄ (ရန်ကုန်)၊ ၅၇/၂၀၂၄(တနင်္သာရီ)၊ ၆၆/၂၀၂၄ (တနင်္သာရီ)၊ ၆၇/၂၀၂၄(တနင်္သာရီ)၊ ၆၉/၂၀၂၄ (မကွေး)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၁၁) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၉/၂၀၂၄ (ရန်ကုန်)၊ ၄၁/၂၀၂၄ (ဧရာဝတီ)၊ ၄၅/၂၀၂၄(ရန်ကုန်)၊ ၄၆/၂၀၂၄(ရန်ကုန်)၊ ၇၁/၂၀၂၄(ဧရာဝတီ)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ် (၈/၂၀၂၄) သင်တန်းဖွင့်



နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ် (၈/၂၀၂၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတိုးချဲ့ရုံးအဆောက်အဦ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အဆင်သင့်ဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

သင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တာဝန်ခံ ဦးအောင်မိုးမြင့်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တာဝန်ခံ ဦးခင်မောင်ဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများနှင့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသား ၂၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို နိုဝင်ဘာလ ၄ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# ညောင်ဦးမြို့တွင် အိပ်ခန်းဆောင်ထိန်းသိမ်းရေးအလုပ်အကိုင်စစ်ဆေးအကဲဖြတ်နေမှု ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၄

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် မင်းနန်သူရွာရှိ Aureum Palace Hotel Assessment Center တွင် အိပ်ခန်းဆောင်ထိန်းသိမ်းရေးအလုပ်အကိုင်(Room Attendant) Level-1 ဖြေဆိုသူ ၁၈ ဦး စစ်ဆေးအကဲဖြတ်နေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက ၂၀၁၄ ခုနှစ်မှ ယခုအချိန်ထိ ဟိုတယ်စားပွဲထိုး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးနှင့် ဧည့်ကြိုအလုပ်အကိုင်သုံးမျိုးတွင် သတ်မှတ်အရည်အချင်းပြည့်မီသူ ၁၄၈၅ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ် သတ်မှတ်၍ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ ပေးအပ်နိုင်ခဲ့ကြောင်း၊ ဝန်ဆောင်မှုပေးနိုင်မည့်ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် Assessment Center က အသိအမှတ်ပြုထားသည့် အလုပ်အကိုင်လေးမျိုးအတွက် စီမံချက်ဖြင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရေးဆောင်ရွက်ပြီး အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်နိုင်ရေး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ် ပါဝင်ဆောင်ရွက်ပေးရန်နှင့် အလုပ်ရှာဖွေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး အထောက်အပံ့ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ

နေပြည်တော် နိုဝင်ဘာ ၄

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၇-၁၀-၂၀၂၄ ရက် ည ၈ နာရီမှ ၃-၁၁-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၉၉၅၉ ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၀၆ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။



ထို့နောက် ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဘက်စုံပို့ဆောင်ရေးဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပို့ဆောင်ရေးဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အကောက်ခွန်ဦးစီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့မှ ဌာနအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုအသင်းချုပ် (MTLF) နှင့် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) တို့မှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြသည်။

ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ကို ဘက်စုံပို့ဆောင်ရေးဥပဒေ ပုဒ်မ ၆ အရ ဘက်စုံပို့ဆောင်ရေးဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် မြန်မာနိုင်ငံမှ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းများ၊ ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုလုပ်ငန်းများ တိုးတက်လာစေရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဘက်စုံပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်၏ ကုန်သွယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရှိလာပြီး ထိုမှတစ်ဆင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၃၆)နှစ်မြောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် ကျရောက်မည့် (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးနှင့် အရာထမ်းအမှုထမ်းများ၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဖြစ်စဉ်မှတ်တမ်း Video Clip ကို ပြသပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ် (၁၀၀)တွင် စံပြဆုရရှိခဲ့သည့် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ထက်ထက်ဝင့်အောင်နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၆၆) တွင် စစ်ရေးပြထူးချွန်ဆုရရှိခဲ့သည့် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နော်နော်ဟန်တို့ကို ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်၍ ဝန်ထမ်းများအား တူညီဝတ်စုံများပေးအပ်သည်။




ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များကို နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၄

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ (၂၃)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကော်မတီဝင်များ၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ညှိနှိုင်းအစည်းအဝေးသည် ၂၀၂၄ ခုနှစ် (၂၃)ကြိမ်မြောက်ကျင်းပမည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နိုင်ငံတော်အဆင့်အနေဖြင့် ၂၀၀၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ရာ (၂၂)ကြိမ်မြောက်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ယခု (၂၃)ကြိမ်မြောက်ကိုလည်း အဆင်ပြေချောမွေ့အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့ဦးစီးကော်မတီအနေဖြင့် စီစဉ်ဆောင်ရွက်ရန်ရှိသည်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း။

**(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်**ပြီး အထက်ပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အားလုံးဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရှေးဘိုးဘွားစဉ်ဆက်နှစ်ပေါင်းများစွာကရှိခဲ့သော ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးကို ယခုညီလာခံနှင့် နှီးနှောဖလှယ်ပွဲများမှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ညီလာခံတွင် အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများ ဆောင်ရွက်မည်ဖြစ်သကဲ့သို့ နှီးနှောဖလှယ်ပွဲတွင် ဖတ်ကြားမည့်စာတမ်းများသည် ရှေးဘိုးစဉ်ဘောင်ဆက် တိုင်းရင်းသားများ၏ ရိုးရာဆေးဝါးများ၊ ကုထုံးများ၊ လက်တွေ့တိုင်းရင်းသားများအသုံးပြုနေသည့် ဆေးဝါးများနှင့် ကုထုံးများ အဓိကပါဝင်ရန်လိုအပ်သည့်အပြင် နိုင်ငံတကာသုံး ရိုးရာတိုင်းရင်းဆေးဝါးများနှင့်လည်းနှိုင်းယှဉ်၍ အားသာချက်၊ အားနည်းချက်များကို ပြုစုကြရန်လိုကြောင်း၊ ထို့ပြင် အများပြည်သူကျယ်ကျယ်

---

# ရေတိုက်စားပြီး ယိုင်လဲပျက်စီးသွားခဲ့သည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် နိုဝင်ဘာလ ၂ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး ရေတိုက်စားမှုကြောင့် ယိုင်လဲပျက်စီးသွားခဲ့သည့် နမ့်ပန်တက်ကျေးရွာသို့ သွယ်တန်းထားသည့် ၁၁ကေဗွီ ဓာတ်အားလိုင်းများကို ဌာနမှလျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ညနေပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင် ရေကြီးရေလျှံမှုများကြောင့် ထရန်စဖော်မာများရေနစ်မြုပ်ခဲ့ပြီး ယာယီဓာတ်အားဖြတ်တောက်ထားခဲ့ရသည့် ထရန်စဖော်မာနှင့် ဓာတ်အားလွှတ်ပစ္စည်းများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျစစ်ဆေးစမ်းသပ်ပြီး ကောင်းမွန်မှုရှိသည့် အလိုတော်ပေါက်ဘုရားအနီးရှိ ကုန်းကယ်ရေလယ်ကျေးရွာ၏ ၁၁/၀ ဒသမ ၄ ကေဗွီ ၂၅၀ ကေဗွီအေ ထရန်စဖော်မာအား ဓာတ်အားပြန်လည်ချိတ်ဆက်ပေးခဲ့ပြီး ကျေးရွာသို့ ဓာတ်အားဖြန့်ဖြူးပေးသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရာဂိမုန်တိုင်း၏အရှိန်ကြောင့် မိုးများအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နှင့် အင်းလေးဒေသအတွင်းရှိ ကျေးရွာ/ရပ်ကွက်ပေါင်း ၃၁၈ ရွာ ဓာတ်အားပြတ်တောက်ခဲ့၍ ဌာနမှကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ပြီး စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ နိုဝင်ဘာလ ၂ ရက်တွင် ကျေးရွာ/ရပ်ကွက်ပေါင်း ၁၉၇ ရွာအား ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ကာ ကျန်ရှိသော ကျေးရွာ/ရပ်ကွက်များ ဓာတ်အားအမြန်ဆုံးပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

---

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ အချိန်ပိုင်း အနုပညာဒီပလိုမာသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၄

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်း အနုပညာဒီပလိုမာသင်တန်းများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ နိုဝင်ဘာလ ၂၁ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်သည်။

ပြည်တွင်းမှ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကိုစိတ်ဝင်စားပြီး လေ့လာသင်ယူလိုသော လူငယ်လူရွယ်များ၊ အနုပညာကို ဝါသနာပါသော်လည်း သင်တန်းတက်ရောက်ရန် အချိန်မပေးနိုင်သော နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် တခြားသောလုပ်ငန်းများ လုပ်ကိုင်ကြသူများအတွက်ရည်ရွယ်ကာ ယခုကဲ့သို့ အချိန်ပိုင်း အနုပညာဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်းများကို အဆင့်(၃)ဆင့်သင်ကြားပေးမည်ဖြစ်ပြီး အဆင့်တစ်ခုပြီးမြောက်တိုင်း အသိအမှတ်ပြုလက်မှတ်တစ်ခု ပေးအပ်ချီးမြှင့်မည်ဖြစ်ကာ အဆင့်(၃)ဆင့်စလုံး ပြီးမြောက်ပါက အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ပါက ဒီပလိုမာလက်မှတ်ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူမဟုတ်ပါက သင်တန်းပြီးမြောက်ကြောင်း လက်မှတ်ကိုသာပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံတောင်ပိုင်းမြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ရှိ သင်တန်းရေးရာဌာနသို့ ဆက်သွယ်စုံစမ်းကာ နိုဝင်ဘာလ ၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းသိရသည်။ **ဆောင်းဦး**

❖ မိမိတို့နိုင်ငံ၏ ရှေးဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာကရှိခဲ့သော ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးကို ယခုညီလာခံနှင့်နှီးနှောဖလှယ်ပွဲများမှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ် . . .

❖ ဖတ်ကြားမည့်စာတမ်းများသည် ရှေးဘိုးစဉ်ဘောင်ဆက်တိုင်းရင်းသားများ၏ ရိုးရာဆေးဝါးများ၊ ကုထုံးများ၊ လက်တွေ့တိုင်းရင်းသားများအသုံးပြုနေသည့်ဆေးဝါးများနှင့် ကုထုံးများ အဓိကပါဝင်ရန်လိုအပ်သည့်အပြင် နိုင်ငံတကာသုံး ရိုးရာတိုင်းရင်းဆေးဝါးများနှင့်လည်း နှိုင်းယှဉ်၍ အားသာချက်၊ အားနည်းချက်များကို ပြုစုကြရန်လို . . .

❖ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့်ဆေးဝါးများ စသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရအဆီအနှစ်များကိုစုစည်းပြီး အမျိုးသားအမွေအနှစ်ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဤညီလာခံကြီးမှ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး . . .

ပြန့်ပြန့်အသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် အထူးမှာကြားလိုကြောင်း။

ညီလာခံနှင့် နှီးနှောဖလှယ်ပွဲဆောင်ရွက်ချက်မှတ်တမ်းများကို ယခင်နှစ်များနည်းတူ စနစ်တကျပြုစုပြီး မျိုးဆက်သစ် နောင်လာနောက်သားများအတွက် လက်ဆင့်ကမ်းအသုံးပြုနိုင်ရန် မှတ်တမ်းတင်ထားရှိရန် မှာကြားလိုကြောင်း၊ ထိုသို့ မှတ်တမ်းတင်ရာတွင် မှတ်တမ်းထားရှိထိန်းသိမ်းမှု၌ မှတ်တမ်းများ မပျက်မစီးဘဲ သားစဉ်မြေးဆက် အသုံးချနိုင်ရေး မူရင်းစာတမ်းများကို စနစ်တကျထိန်းသိမ်းရန် လိုအပ်သကဲ့သို့ (I.T) ခေတ်ဖြစ်၍လည်း မူရင်းစာတမ်းမှအချက်အလက်များကို စုစည်း၍ Data Base တစ်ခုတည်ဆောက်ပြီး ဝန်ကြီးဌာန၏ Website များ၊ Server များတွင် ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ထို့ပြင်စာတမ်းပါဆေးဝါးများနှင့်ပတ်သက်၍ အများပြည်သူများ အလွယ်တကူသောက်သုံးနိုင်ရေးကိုလည်း တီထွင်ကြံဆထုတ်လုပ်ရမည်ဖြစ်သကဲ့သို့ ထုတ်လုပ်ပြီး တိုင်းရင်းဆေးဝါးများကိုလည်း မူပိုင်ခွင့်အရ မှတ်ပုံတင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေတို့က ရရှိနိုင်သည့် သဘာဝအရင်းအမြစ်များဖြင့် တိုင်းရင်းဆေးဝါးများတွင် ထည့်သွင်းအသုံးပြုပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးသကဲ့သို့ ကပ်ရောဂါဘေးနှင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် လေဘေး၊ ရေဘေး စသည့်အန္တရာယ်များ ကြုံတွေ့သည့်အခါမှာလည်း ပြည်သူလူထုကို တစ်ဖက်တစ်လမ်းက မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အားသွန်ခွန်စိုက်စွမ်းစွမ်းတမံစောင့်ရှောက်ပေးကြသည်ကို တွေ့ရကြောင်း။

ထို့ပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင် အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာကဏ္ဍများတွင် အတူပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ အရည်အသွေးပြည့်ဝစွာဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာသို့ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့်ဆေးဝါးများ စသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရအဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဤညီလာခံကြီးမှ ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးကြရမည်ဖြစ်ကြောင်း။

အခြားနိုင်ငံများ၏ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို မြန်မာနိုင်ငံမှ တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်များ သွားရောက်ပြီး တက်ရောက်ခဲ့ကြသကဲ့သို့ ယခုညီလာခံနှင့်နှီးနှောဖလှယ်ပွဲသို့လည်း အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများမှ ဘာသာရပ်ဆိုင်ရာပညာရှင်များ ဖိတ်ကြား၍ ပါဝင်ဆွေးနွေးစေလိုကြောင်း။

ထို့ကြောင့် (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကြီးကို နိုင်ငံတော်အဆင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးအနေဖြင့် မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍများတွင် လစ်ဟာမှုမရှိအောင် အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရခြင်းနှင့် နှီးနှောဖလှယ်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက နှီးနှောဖလှယ်ပွဲကြီးအောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက်ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ယခုနှစ် ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်သွားမည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ညှော်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့်တည်းခိုနေရာချထားရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှတာဝန်ရှိသူများက (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကျင်းပမည့်နေရာများကို ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံတို့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့်အတူ ယနေ့ညနေပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားများကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဖွင့်ပွဲ/ပိတ်ပွဲကျင်းပမည့်နေရာ၊ LED တပ်ဆင်မည့်နေရာနှင့် မီးများတပ်ဆင်အသုံးပြုမည့်နေရာများကိုလည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့များနှင့် အားကစားသမားများ ဝင်/ထွက် သွားလာမည့်နေရာများကိုလည်းကောင်း၊ ဖျော်ဖြေတင်ဆက်မည့်သီချင်းများအလိုက် ဆက်တင်ပစ္စည်းများ ထည့်သွင်းအသုံးပြုမည့် အစီအစဉ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် အချိန်မီပြီးစီးရေးတို့အတွက် အသေးစိတ်ဆွေးနွေးညှိနှိုင်းကြပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်မည့် အလွတ်ခုန်လေထီးလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing to visit People's Republic of China

NAY PYI TAW November 4

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing will visit the People's Republic of China at the invitation of the PRC in the near future.

During the visit, the Senior General will attend the 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit that will be held in Kunming, PRC, from 6 to 7 November, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Lao PDR-Myanmar-Vietnam (CLMV) Summit, and hold talks with PRC government officials and discuss further strengthening of friendship and cooperation in economic field and multiple sectors between the governments and peoples of the two countries.

100

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses coordination meeting of Leading Committee for Organizing 23rd Myanmar Traditional Medicine Practitioners Conference and Myanmar Traditional Medicine Symposium



Vice-Senior General Soe Win addresses the coordination meeting of the Leading Committee for Organizing the 23rd Myanmar Traditional Medicine Practitioners Conference and Myanmar Traditional Medicine Symposium.

NAY PYI TAW November 4

A coordination meeting of the Leading Committee for Organizing the 23rd Myanmar Traditional Medicine Practitioners Conference and Myanmar Traditional Medicine Symposium was held this afternoon at the meeting hall of the Ministry of Health in Nay Pyi Taw, addressed by Patron of the Leading Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

The meeting was attended by Union Minister Dr. Thet Khaing Win, Chairman of the Leading Committee, along with committee members, sub-committee members, and relevant officials.

In his speech, the Vice-Senior General noted that today's coordination meeting is part of preparations for successfully organizing the 23rd Myanmar Traditional Medicine Practitioners Conference and Symposium in 2024. He explained that since the state-level conference first began in 2000, a total of 22 conferences have been successfully held, and it is now the committee's responsibility to ensure the smooth and successful organization of this 23rd conference by coordinating and discussing all necessary arrangements in detail.

The 23rd Myanmar Traditional Medicine Practitioners Conference will be held with the aim of promoting the recognition of quality standards in traditional medicine education, advancing the development of traditional medicine, producing traditional medicines in line with modern standards, training more qualified traditional medicine practitioners, and fostering respect for Myanmar's traditional cultural heritage. To achieve these objectives, everyone is encouraged to work together and contribute collectively. Efforts will also be made through this conference and exchange events to preserve Myanmar's traditional medicine practices, which have been passed down through generations, as a part of the nation's cultural heritage.

At the conference, proposals will be submitted and discussions supported, while the papers to be presented at the symposium will focus on traditional medicines and treatments used by indigenous people over generations, as well as current medicinal practices among ethnic groups. Additionally, these papers will compare traditional medicines used internationally, assessing their strengths and weaknesses. It is especially encouraged that efforts are made to make these medicines more widely accessible to the public.

The records of the conference and symposium activities are to be systematically documented, as in previous years, so they may serve future generations. It is essential to preserve these records carefully to ensure they remain intact and available for descendants. Given the digital era, a database should be created to consolidate the information from original documents, which would be stored on the ministry's websites and servers. Moreover, efforts should be made to make the documented medicines easily consumable by the public, and to develop innovative ways to do so. Once produced, it is necessary to register these traditional medicines for intellectual property protection.

Traditional medicine physicians in Myanmar utilize natural resources from the country's forests, mountains, waters, and land in their traditional medicines. Across all ages, they have not only cared for public health but also provided the best possible support with traditional medicine during epidemics and natural disasters.

Additionally, as part of international cooperation, it is essential to collaborate with organizations such as the Shanghai Cooperation Organization, ASEAN, BIMSTEC, and the Mekong River Commission to enhance the quality of Myanmar's traditional medicines and make effective traditional medicines that can achieve breakthroughs in international markets. It is also essential to discuss the development of Myanmar's traditional medicines as a national heritage at this conference, focusing on gathering the essence of these practices, including remedies, invaluable medical texts with a rich historical tradition, and

See Page - 19 ●●

●● From Page - 18

effective medicines.

As Myanmar traditional medicine physicians and manufacturers participate in meetings, workshops, and training programs in other nations, we would like to invite specialists from neighboring countries and beyond to join the discussions at this conference and seminar.

Therefore, he emphasized that to successfully hold the 23rd Myanmar Traditional Medicine Physicians Conference and Traditional Medicines Seminar at the national level, it is essential for the work committee and sub-committee to cooperate and ensure there are no gaps in their respective sectors.

Then, Chairman of Steering Committee, Union Minister for Health, Dr. Thet Khaing Win, explained the reasons for holding the 23rd Myanmar Traditional Medicine Physicians Conference and Traditional Medicines Seminar, and the need for it to be successfully held.

And then, Chairman of Work Committee and Chief Director of Traditional Medicine Department, Dr. Su SuDway, presented details on the status of Steering Committee and Sub-Committee's work, along with future plans to successfully hold the seminar and this year's seminar information.

Continuing, officials from Invitation and Welcome Sub-Committee, Security Sub-Committee, Health Sub-Committee, Information and Press Release Sub-Committee, Ceremony Preparation Sub-Committee, Hosting Sub-Committee, Transport and Accommodation Sub-Committee, and Financial Sub-Committee discussed their respective sectors to ensure the successful holding of the event.

Following that, the Vice-Senior General coordinated the briefings, delivered concluding remarks, and closed the seminar.

**100**

# Maubin Township supplies more than 70,000 baskets of Shwethweyin paddy to Yangon market



MAUBIN November 4

"Local businesspersons form Maubin Township of Ayeyawady Region have sent 72,000 baskets of Shwethweyin paddy to Yangon market," said Daw Thin Myat, the owner of rice and paddy trading in Maubin Township.

They sent 50,000 baskets of Shwethweyin paddy to Yangon market in August, compared to 72,000 baskets in September. Such kind of paddy is included in the non-premium paddy group.

Daw Thin Myat commented: "Maubin Township emphasizes distribution of agricultural produce to Yangon market. Shwethweyin paddy is one of the non-premium paddy strains. Due to high demand of merchants from Yangon market, we send a large volume of paddy to the market. The paddy bags are sent to Yangon market through waterway and inland transport."

Thanks to high demand for the paddy from Yangon market, those in the production chain are convenient in earning incomes for their families.

**SK**

# More than 12,000 acres of monsoon peanut planted in Kyaukmyaung

KYAUKMYAUNG November 4

Kyaukmyaung Sub-Township of Shwebo District in Sagaing Region has completed cultivation of 12,850 acres of monsoon peanut plants, according to the sub-township agriculture department.

Local farmers finished cultivation of 12,850 acres of monsoon peanut against the target of 12,867 acres in 2024-2025 monsoon season.

Daw Khin Win, Head of Kyaukmyaung Agriculture Department commented: "So far, local farmers have planted 12,850 acres of monsoon peanut against the target of 12,867 acres. They are trying hard to meet the target. Oil crops are thriving in the region. Number of sown acreage of peanut is on the increase year by year."

Local farmers use 1.5 baskets of quality peanut seeds per acre and cost more than Ks-200,000 per acre for seeds, labour charge, fertilizer and pesticide. Each acre of peanut produces more than 50 baskets of peanut seeds.

This year, staff members of the relevant agriculture department make field trips to check peanut plantations and weed the plantations with prevention of pests so as to boost per-acre yield of crops.

**SMK**

# Farmers finish cultivation of sunflower plants this monsoon

MONYWA November 4

According to the statistics of Monywa District Agriculture Department, a total of 9,537 acres of sunflower have been planted in Monywa District of Sagaing Region this monsoon.

The district earmarked 9,595 acres of sunflower this monsoon but local farmers have grown 945 acres of sunflower in Monywa Township, 5,712 acres in Budalin Township, 2,630 acres in Ayadaw Township and 250 acres in ChaungU Township, totalling 9,537 acres, against the target cultivation.

Daw San San Myint, Head of Monywa District Agriculture Department revealed: "Farmers have planted 9,537 acres of sunflower out of targeted 9,595 acres this monsoon. They continue cultivation of sunflower on the croplands, It aims to reduce import of palm oil. In production of oil, sunflower exceeds production of oil volume more than groundnut and sesame."

In 2024-2025 monsoon, Monywa Township planned to grow 924 acres of sunflower, Budalin township 5,706 acres, Ayadaw Township 2,737 acres and ChaungU Township 228 acres, totalling 9,595 acres.

Relevant township agriculture departments conduct training courses for local farmers and agricultural staff to enhance their capacity in growing sunflower in the regions so as to produce booted per-acre yield.

Relevant departments have arranged sales of quality strains of sunflower seeds and urea fertilizers at reduced prices and exchange of quality sunflower seeds among farmers. **SK**

# Farmers in YeU District to grow more than 43,000 acres of chickpea in coming winter

YEU November 4

YeU District Agriculture Department stated that a total of 43,750 acres of croplands will be placed under chickpea in YeU District of Sagaing Region in coming winter.

With regard to planning to grow the corps in 2024-2025 winter season, YeU Township will grow 9,270 acres of chickpea, Taze Township 25,997 acres and Dabayin Township 8,483 acres, totalling 43,750 acres.

U Zaw Myint Tun, Head of YeU District Agriculture Department stated: "We earmarked cultivation of more than 43,000 acres of chickpea in coming cold season. So, we will strive for meeting the target cultivation. Sown acreage of chickpea is on the rise year by year. We planned to provide quality strains of crops, agricultural inputs and post-harvest technology to local farmers."

Local farmers prefer to grow high yield Yezin-8 and Yezin-11 strains. They cost more than Ks-300,000 per acre for growing chickpea.

The agriculture department cooperates with local farmers in boosting per-acre yield of crops with distribution of quality strains of crops and inputs, urging farmers to use Trichoderma fangus.

Sagaing Region produces the large volume of pulses and beans as primary crops, and local farmers grow beans as mixed-cropp as well as separate crops to earn increased incomes. **SMK**

# Washington braces for potential unrest with new fences encircling White House and Harris residence



WASHINGTON November 4

Protective structures have been installed around the White House, Vice President Kamala Harris's residence, and several other institutions, while business owners have started boarding up windows and doors amid potential unrest related to the US presidential election, the Washington Post reports.

"Rings of new security fencing enveloped the White House, US Capitol and Vice President Kamala Harris's residence on Sunday as federal and District authorities brace for potential unrest in Washington following Tuesday's presidential election," the publication writes.

It is noted that the Secret Service erected new high metal barriers around the White House complex, the Department of the Treasury, and adjoining parts of Lafayette Square, as well as outside the Naval Observatory and Harris's residence.

**Sputnik**

# US deploys six B-52 bombers to Middle East amid rising tensions



WASHINGTON November 4

Washington has deployed the bombers amid escalation in Lebanon, Iran, Israel and Palestine, Air & Space Forces Magazine reports, citing American officials.

The US Central Command (CENTCOM) announced that a group of B-52 aircraft had arrived in the Middle East on Sunday, but the exact number of bombers was not disclosed.

"The US is deploying a total of six B-52s, an additional squadron of F-15E Strike Eagles, and more aerial refueling tankers to support those aircraft," Air & Space Forces Magazine stated.

The magazine's sources did not specify where the bombers, transferred from Minot Air Force Base in North Dakota, would be stationed. However, they reported that a cargo plane from there recently landed in Qatar at the largest US airbase in the region, Al Udeid.

**Sputnik**

# Iran may use more powerful warheads in retaliatory attack on Israel - reports



MOSCOW November 4

Iran may use more powerful warheads in a retaliatory attack on Israel compared to previous attacks, the Wall Street Journal reported citing sources.

As unnamed Iranian and Arab officials told the publication, the Iranian authorities do not plan to limit their response to missiles and drones, as was the case in previous attacks. According to them, any missiles used in this case will have more powerful warheads.

Iran is planning a comprehensive response using even more powerful warheads and other weapons, Iranian and Arab officials briefed on the government's plans told the publication. Iran has told Arab diplomats that the country's conventional army would be involved in the retaliatory strike, the sources added.

**Sputnik**

# China, Japan hold high-level political dialogue in Beijing

BEIJING November 4

China's top diplomat Wang Yi and Takeo Akiba, special adviser to the Japanese cabinet and secretary general of Japan's National Security Secretariat, held consultations under the China-Japan high-level political dialogue mechanism in Beijing on Monday.

Noting that China-Japan relations are at a critical stage of improvement, Wang, director of the Office of the Foreign Affairs Commission of the Communist Party of China (CPC) Central Committee and member of the Political Bureau of the CPC Central Committee, said the two sides should follow the consensus reached by the leaders of the two countries, stick to the right direction of improving and developing bilateral relations, and build a constructive and stable China-Japan relationship that meets the requirements of the new era.

Wang said the Japanese side should establish an objective and rational understanding of China, honor its political commitment on the Taiwan question and earnestly safeguard the political foundation of China-Japan relations, urging the Japanese side to take concrete actions to implement the important consensus of "being each other's cooperation partners rather than threats," and promote the steady and long-term development of bilateral ties.

The two sides reiterated that they will abide by the principles and consensus set out in the four political documents between China and Japan and commit to comprehensively advancing the strategic relationship of mutual benefit between the two sides, reaching agreement to maintain high-level intercourse, dialogue and exchanges in various fields, and send more positive signals to the outside world.

The two sides believed that China and Japan, as two important neighbors with development closely linked to each other and highly complementary economies, should not and will not decouple, pledging to jointly promote the healthy development of economic and trade cooperation and the stable and smooth production and supply chain.

On the discharge of nuclear-contaminated water from the Fukushima Daiichi Nuclear Power Station, the two sides agreed to accelerate the follow-up and implementation of the bilateral political consensus.

Stressing that China is firmly committed to the path of peaceful development, pursues a national defense policy that is defensive in nature, and is a major country with the best record of peace and security, Wang said China will continue to uphold fairness and justice to prevent war or chaos in the region.


It is hoped that all parties will jointly resist non-regional forces inciting confrontation in the area and take concrete actions to safeguard regional peace and stability, Wang added.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Revealed: The food you shouldn't give kids for the first 1,000 days of life to prevent major diseases, new study finds



Experts tracked the health of people in Britain before and after rationing to examine how access to sugar affected disease risk.

Anyone who lived through it will tell you the difficulties of rationing through the war.

But restricting sugar in early life can protect against diabetes and hypertension as someone grows older, a study suggests.

Researchers have discovered that reduced sugar intake during the first 1,000 days of life – from conception – can protect against diabetes and hypertension in later years.

And it shows how the period up to the age of two is critical for long-term health.

In early life, children are exposed to high amounts of sugar through what their mothers eat when pregnant, during breastfeeding, and in infant formulas and baby food.

Research also suggests that most infants and toddlers consume sweetened foods and beverages daily.

To study the long-term health impacts of early sugar consumption, researchers from the University of Southern California leveraged a natural experiment in the UK – the end of a decade-long sugar and sweets rationing following the Second World War in 1953.

During rationing, adults typically received 8oz (0.5 lbs) of sugar per week and 12oz (0.75 lbs) of sweets every four weeks.

The sugar allowance was comparable to today's UK dietary guidelines, including those for pregnant women and young children.

However, the end of rationin-g led to an immediate, nearly two-fold increase in sugar consumption almost overnight.

The team examined health data on people who spent their first 1,000 days after conception either during the rationing years or after they ended.

Analysis revealed that early-life exposure to sugar rationing had long-term health benefits.

According to the findings, people's risk of developing diabetes and hypertension decreased by about 35 percent and 20 percent by the time they were in their 50s and 60s.

The onset of these diseases was also delayed by four years for diabetes and two years for hypertension for those who lived during the 'rationing' years.

Writing in the journal Science the researchers said: 'For an average adult, daily sugar consumption sharply increased from 41g in 1953 to about 80g by 1954, and this similarly high level was sustained for several years.

'These data are for adults, but others have shown that sugar intake for children more than doubled post-rationing and that their oral health deteriorated as well.'

Commenting on the study Dr Hilda Mulrooney, reader in nutrition and health at London Metropolitan University, said: 'This is a really interesting and timely paper, given the currently high intakes of sugar in the UK population, and prevalence of chronic disease including Type 2 diabetes and hypertension.

The potential for diet in utero to impact on long-term health risks has long been recognised, and there are a number of plausible mechanisms to explain how these may occur.

'In this study, the authors used data from what could be considered a natural experiment - rationing in response to World War II.

'By comparing individuals exposed and not exposed to sugar rationing in utero and in early childhood, a significant effect was seen.

'Early childhood was especially important; only a third of the increase in risk for both type 2 diabetes and hypertension was explained by in utero exposure. This highlights the potential for early childhood diet as a risk factor for chronic disease.


Given the high levels of sugar in foods and drinks aimed at toddlers and young children, this is of concern.'

Earlier this year, a report warned that British children face a lifetime of poor health as junk food diets have stunted their growth and fuelled a rise in obesity and Type 2 diabetes.

The Food Foundation says kids are growing up in an environment that makes feeding them healthily 'an almost impossibly difficult challenge'.

It blames the 'aggressive promotion' of food that is high in fat, sugar and salt and 'shocking' levels of poverty that put healthier alternatives out of reach for some families.

**Mail Online**




People in the US have almost five-and-a-half sugary drinks a week on average, while people in the UK guzzle around four-and-a-half. This includes fizzy cola, lemonade, energy drinks and fruit-flavoured drinks, based on the latest available data for 2018 (shown in graphic).

# ဒေါ်နယ်ထရမ့်လား... ကမ်မလာဟဲရစ်လား...

ဒီနှစ်အတွက် အမေရိကန်သမ္မတရွေးကောက်ပွဲက တော်တော်လေးကို ဂယက်ရိုက်နေတဲ့ကိစ္စတစ်ခုလို့ပြောရမှာပါ။ အခုဆိုရင်မဲရုံတွေကလည်း အသင့်ဖြစ်နေသလို မဲပေးမယ့်ပြည်သူတွေကလည်း အသင့်ဖြစ်နေကြပါပြီ။ မဲရုံတွေကို နိုဝင်ဘာလ ၅ ရက် နံနက် ၆ နာရီ၊ ၇ နာရီလောက်မှာ စတင်ဖွင့်လှစ်သွားမှာပါ။ ပြည်နယ်တစ်ခုနဲ့တစ်ခုတော့ အချိန်မတူပါဘူး။ မဲရုံပိတ်တဲ့အချိန်က ည ၇ နာရီ၊ ၈ နာရီ ဖြစ်ပါတယ်။ မြန်မာစံတော်ချိန်နဲ့ဆိုရင် နိုဝင်ဘာလ ၅ ရက် ည ၆ နာရီခွဲဝန်းကျင်မှာ မဲရုံတွေဖွင့်မှာဖြစ်ပြီး နိုဝင်ဘာလ ၆ ရက် နံနက် ၇ နာရီခွဲဝန်းကျင်မှာ မဲရုံတွေပိတ်မှာပါ။ မဲတွေကိုရေတွက်ပြီးလို့ အနိုင်ရသူကိုအတည်ပြုမယ့်အချိန်ကတော့ အတိအကျမသိနိုင်သေးပါဘူး။

ဒါပေမဲ့ အခုရွေးကောက်ပွဲမှာ ဒေါ်နယ်ထရမ့်ပဲ အနိုင်ရမလား၊ ကမ်မလာဟဲရစ်ပဲ အနိုင်ရပြီး အမေရိကန်ပြည်ထောင်စုရဲ့ ပထမဆုံးသော အမျိုးသမီးသမ္မတဖြစ်လာမလားဆိုတာကိုတော့ တော်တော်များများက သိချင်နေကြပါတယ်။ အမေရိကန်သမ္မတကဘယ်သူပဲဖြစ်ပါစေ မြန်မာနဲ့ကမ္ဘာအပေါ်ကိုတော့ သက်ရောက်မှုအနည်းငယ်မျှသာရှိပါလိမ့်မယ်။ တကယ်လို့များ အမေရိကန်အစိုးရတစ်ရပ်လုံးရဲ့မူဝါဒကပြောင်းလဲသွားတယ်ဆိုရင်တော့ တစ်မျိုးပေါ့။ ဒီအတွက်ကြောင့်လည်း အခုရွေးကောက်ပွဲမှာ ဘယ်သူနိုင်မလဲဆိုတာကို အများကစိတ်ဝင်စားကြတာဖြစ်တဲ့အတွက် မဲပေးသူတွေက သမ္မတတော့ ဘယ်သူဖြစ်သင့်တယ်ဆိုပြီး ရွေးချယ်ရာမှာ စဉ်းစားသုံးသပ်ကြမယ့် အချက်အလက်တချို့ကို တင်ပြချင်ပါတယ်။

အခုလက်ရှိမှာတော့ ယိမ်းလွယ်ပြည်နယ်မှာ ဒေါ်နယ်ထရမ့်နဲ့ကမ်မလာဟဲရစ်တို့ကြား လူကြိုက်များမှုက သိပ်မကွာပါဘူး။ လူထုစစ်တမ်းကောက်ယူမှုအရဆိုရင် ဒီမိုကရက်တစ်တွေဘက်က ကမ်မလာဟဲရစ်က ရီပတ်ဘလစ်ကန်တွေဘက်က ဒေါ်နယ်ထရမ့်ထက် လူကြိုက်များမှုရမှတ်မှာ မဆိုစလောက်လေးသာနေတာကိုတွေ့ရပါတယ်။ အရီဇိုးနားပြည်နယ်မှာတော့ ထရမ့်ကရာခိုင်နှုန်းအနည်းငယ်နဲ့ဦးဆောင်နေပါတယ်။

အရင်ဆုံးထရမ့်အပေါ် လူကြိုက်များမှုရာခိုင်နှုန်းနဲ့စပြောလိုက်ရအောင်။ ထရမ့်အပေါ်လူကြိုက်များမှုက တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ဆိုရင် ၄၃ ရာခိုင်နှုန်းသာရှိပါတယ်။ ဒါဟာ သူ့အတွက်တော့ ဌာန်ကုန်ပါပဲ။ ယခင်သူသမ္မတမဖြစ်ခင်ရွေးကောက်ပွဲမှာဝင်ပြိုင်တုန်းကမှ လူကြိုက်များမှုမှာ ၅၀ ရာခိုင်နှုန်းနီးပါးရှိပါတယ်။ ဒ့ါအပြင် သမ္မတဖြစ်တဲ့အချိန်နဲ့ သမ္မတတာဝန်ထမ်းဆောင်ပြီးတဲ့အချိန်တွေမှာလည်း ၅၀ ရာခိုင်နှုန်းကျော်တယ်ဆိုတာမရှိပါဘူး။ ဒါကြောင့်လည်း အခု ၄၃ ရာခိုင်နှုန်းဆိုတာ သူ့အတွက်ဌာန်ကုန်ပဲလို့ပြောရတာပါ။

ပါတီကိုယ်စားပြု ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းတုန်းကဆိုရင်လည်း ရီပတ်ဘလစ်ကန်ပါတီဝင် ၁၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိက ထရမ့်ကိုမဲမပေးဘူးလို့ကြားသိထားပါတယ်။ အဲဒီထဲကမှ ထက်ဝက်လောက်က ရွေးကောက်ပွဲမှာ ကမ်မလာဟဲရစ်ကိုများသွားပြီးမဲပေးမလားဆိုတဲ့ ပြောဆိုမှုတွေလည်းရှိနေပါတယ်။ တကယ်တမ်း ကမ်မလာဟဲရစ်အတွက်ပြန်ကြည့်မယ်ဆိုရင်တော့ သူ့အနေနဲ့ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရဖို့ဆိုရင် ရီပတ်ဘလစ်ကန်တွေရဲ့



မဲတချို့ကိုရရှိဖို့လိုအပ်နေပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်လောင်းအတွက် အမည်စာရင်းတင်သွင်းတုန်းက ထရမ့်ကိုမဲမပေးခဲ့သူတွေက ရွေးကောက်ပွဲရောက်ချိန်မှာ ပါတီမျက်နှာကိုကြည့်ပြီး ရီပတ်ဘလစ်ကန်အတွက်သာ မဲထည့်သွားနိုင်တဲ့တစ်ချက်လည်းရှိပါတယ်။

ကမ်မလာဟဲရစ်အနေနဲ့ လူကြိုက်များမှုမှာ ထရမ့်ထက်အနည်းငယ်ပဲသာနေတာပါ။ ထရမ့်ကလူကြိုက်များမှု ၄၃ ရာခိုင်နှုန်းဆိုရင် သူက ၄၆ ရာခိုင်နှုန်းပဲရှိတာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာသမ္မတအဖြစ်ရွေးကောက်ခံရဖို့အတွက် သေချာတဲ့လူကြိုက်များမှုရာခိုင်နှုန်းကတော့ ၅၀ လောက်ရမှသာဖြစ်မှာပါ။ ဟဲရစ်အတွက်အားသာချက်ရှိတာက သူဟာအမျိုးသမီးဖြစ်နေတာပါပဲ။ အမျိုးသမီးဖြစ်နေတဲ့အတွက် အမျိုးသမီးအများစုရဲ့ မဲတွေကိုတော့သိမ်းပိုက်သွားနိုင်ပါတယ်။

နောက်တစ်ခုက စီးပွားရေးဘက်ကနေကြည့်မယ်ဆိုရင် လက်ရှိမှာအမေရိကန်ပြည်သူတွေရဲ့စိတ်ထဲသူတို့ရဲ့စီးပွားရေးကောင်းနေတယ်လို့တွေးထားတာမဟုတ်ပါဘူး။ နိုင်ငံရဲ့စီးပွားရေးလမ်းကြောင်းက လမ်းမှားဘက်ကိုဦးတည်နေတယ်လို့ ပြည်သူ ၆၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်းအထိက ယုံကြည်ထားပါတယ်။ လက်ရှိဂျိုးဘိုင်ဒင်လက်ထက်ထက်စာရင် ထရမ့်လက်ထက်တုန်းကမှ စီးပွားရေးအခြေအနေအဆင်ပြေသေးတယ်လို့ အများစုကသုံးသပ်ထားပါတယ်။

ဘိုင်ဒင်နဲ့ဟဲရစ်တို့က သမ္မတနဲ့ဒုတိယသမ္မတအဖြစ် အိမ်ဖြူတော်မှာတာဝန်ယူခဲ့တဲ့လေးနှစ်နီးပါးကာလတစ်လျှောက် လူသုံးကုန်ပစ္စည်းဈေးနှုန်းတွေက ၁၀ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းအထိကိုမြင့်တက်ခဲ့တာပါ။ ဓာတ်ဆီဈေးနှုန်းဆိုရင် အဲဒီထက်တောင်မှပိုပါသေးတယ်။ ဒီအချက်ကိုအခွင့်ကောင်းယူထားသူက ထရမ့်ပါ။ ဒီလိုမျိုးဒုက္ခရောက်ရတဲ့အခြေအနေကနေ ကယ်တင်ပေးနိုင်သူတွေက ဘယ်သူတွေလဲဆိုရင် ယိမ်းလွယ်ပြည်နယ်မှာရှိတဲ့မဲဆန္ဒရှင်ပြည်သူများသာဖြစ်တယ်လို့ ထရမ့်က ပြောထားပါတယ်။

နောက်ထပ်အရေးကြီးတဲ့ကိစ္စတစ်ခုက လူဝင်မှုကြီးကြပ်ရေးပါ။ ထရမ့်လက်ထက်တုန်းက နယ်စပ်ကနေ လူဝင်မှုကို ကောင်းကောင်းကြီးထိန်းချုပ်ခဲ့တာတွေ့ရပါတယ်။ ဘိုင်ဒင်လက်ထက်ရောက်ချိန်မှာတော့ သုံးနှစ်အတွင်းမှာတင် နယ်စပ်ကနေ တရားမဝင်လူဝင်မှုဟာ သိသိသာသာကြီးကိုမြင့်တက်လာပါတယ်။ ဒီမှာလည်း လူဝင်မှုကြီးကြပ်ရေးနဲ့ပတ်သက်လာရင် ထရမ့်ကကောင်းစွာကိုင်တွယ်နိုင်စွမ်းရှိတယ်လို့ မဲဆန္ဒရှင်များကယုံကြည်ထားပါတယ်။ ဒီတော့ ရွေးကောက်ပွဲအတွက်ဆုံးဖြတ်ရာမှာ အဓိကထားရတဲ့ကိစ္စလေးခုအနက် နှစ်ခုမှာထရမ့်ကအသာစီးရနေတာပါ။

နောက်ထပ်ကိစ္စတစ်ခုကတော့ ကိုယ်ဝန်ဖျက်ချခွင့်ပါ။ အရင်တုန်းက အမျိုးသမီးတွေဟာမတော်တဆပဲဖြစ်ဖြစ်၊ အကြောင်းအမျိုးမျိုးကြောင့်ပဲဖြစ်ဖြစ် ကိုယ်မလိုချင်တဲ့ကိုယ်ဝန်ရရှိလာသည့်တိုင် တရားဝင်ဖျက်ချခွင့်မရှိပါဘူး။ ဘိုင်ဒင်နဲ့ဟဲရစ်တို့ရဲ့လက်ထက်မှာတော့ ဒီလိုမျိုးကိုယ်ဝန်ဖျက်ချခွင့်ဟာ ပြည့်နယ်အဆင့်မှာအတည်ပြုပြဋ္ဌာန်းထားနိုင်ပြီးဖြစ်တဲ့အတွက် အခုရွေးကောက်ပွဲမှာ ဟဲရစ်အနေနဲ့ အမျိုးသမီးများရဲ့အားပေးထောက်ခံမှုကို ပိုရထားပါတယ်။ ဒါကြောင့်ပဲ ယိမ်းလွယ်ပြည်နယ်မှာ ဟဲရစ်အပေါ် အမျိုးသမီးတွေရဲ့ထောက်ခံမှုက ထရမ့်အပေါ်ထောက်ခံမှုထက်ပိုများနေတာပါ။

ဘယ်သူ့ကိုမဲပေးရမလဲဆိုတာဆုံးဖြတ်ပေးမယ့် နောက်ထပ်ကိစ္စတစ်ခုက အမေရိကန်ပြည်ထောင်စုရဲ့အနာဂတ်ဒီမိုကရေစီအခြေအနေပါ။ စစ်တမ်းအရဆိုရင် ထရမ့်သာသမ္မတဖြစ်သွားပါက သူ့ရဲ့မူဝါဒတွေ၊ အစီအစဉ်တွေကို မဖြစ်မနေအကောင်အထည်ဖော်နိုင်ဖို့အတွက် အာဏာရှင်ဆန်ဆန်ကျင့်သုံးလာနိုင်တာကြောင့် အမေရိကန်ဒီမိုကရေစီရဲ့အန္တရာယ်က ထရမ့်ဖြစ်နေတယ်ဆိုပြီး ပြည်သူထက်ဝက်လောက်ကရှုမြင်ထားကြပါတယ်။ ဒီနေရာမှာ ဟဲရစ်က သူ့အနေနဲ့ မတူကွဲပြားမှုတွေကိုရင်ကြားစေ့ကာ ရီပတ်ဘလစ်ကန်ဖြစ်စေ၊ ဒီမိုကရက်ဖြစ်စေ အားလုံးဟာသာတူညီမျှအတူတကွအလုပ်လုပ်နိုင်ကြစေမယ်လို့ ကတိပြုထားပါတယ်။

ဒီတော့ အခုရွေးကောက်ပွဲမှာ ဘယ်သူနိုင်မလဲဆိုတာကိုပြောဖို့အချိန်ရောက်လာပြီပေါ့။ တရုတ်နိုင်ငံဖူဒန်တက္ကသိုလ်မှ ပါမောက္ခတန်းရှီပင်းဦးဆောင်တဲ့ သုတေသနအဖွဲ့ဟာ နိုဝင်ဘာလ ၅ ရက် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ဘယ်သူနိုင်မလဲဆိုတာကို ကွန်ပျူတာစံပြပုံစံနဲ့တွက်ချက်ပြီး တရားဝင်အဖြေထုတ်ပေးထားတာရှိပါတယ်။ သူတို့ရဲ့အဖြေအရဆိုရင် "**အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဒေါ်နယ်ထရမ့်သာ အနိုင်ရရှိပါလိမ့်မယ်။ အနိုင်ရနိုင်ခြေက ၆၀ ရာခိုင်နှုန်းကျော်ရှိပါတယ်။**" လို့ဖော်ပြထားတာတွေ့ရပါတယ်။

နောက်ဆုံးသုံးသပ်ချက်အရဆိုရင်တော့ အကယ်၍ ကမ်မလာဟဲရစ်နိုင်ခဲ့ရင် မဲဆန္ဒရှင်ပြည်သူများရဲ့လိုလားချက်နဲ့ သူနဲ့ကိုက်ညီမှုရှိပြီး ပြောတဲ့အတိုင်းအလုပ်နဲ့သက်သေပြရမှာဖြစ်ကာ ဒီရွေးကောက်ပွဲကလည်း အမေရိကန်ပြည်သူတွေအနေနဲ့ ဒေါ်နယ်ထရမ့်ကို နိုင်ငံရေးစင်မြင့်ပေါ်မှာ မမြင်တွေ့ချင်တော့ဘူးဆိုတဲ့ ဆန္ဒခံယူပွဲတစ်ခုအထိဖြစ်သွားနိုင်ပါတယ်။

တကယ်လို့များ ဒေါ်နယ်ထရမ့်က ရွေးကောက်ပွဲမှာအနိုင်ရသွားမယ်ဆိုရင်တော့ သူ့အနေနဲ့ငွေကြေးဖောင်းပွမှု၊ နေထိုင်မှုစရိတ်မြင့်မားမှုတို့ကို အကောင်းဆုံးစီမံခန့်ခွဲကာ ထိန်းမနိုင်သိမ်းမရဖြစ်နေတဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ ရာဇဝတ်မှုဖြစ်ပွားမှုတို့ကို ထိန်းချုပ်နိုင်လိမ့်မယ်လို့ ပြည်သူများကယုံကြည်လို့ဖြစ်ပါလိမ့်မယ်။ ကမ်မလာဟဲရစ်အတွက်ကတော့ အမေရိကန်ရဲ့ပထမဆုံးသော အိန္ဒိယနွယ်ဖွားအမျိုးသမီးသမ္မတဖြစ်လာနိုင်ခြေအိပ်မက်ကို တစ်သက်လုံးစွန့်လွှတ်လိုက်ရမယ့်အခြေအနေရှိနေပါတယ်။ လက်တွေ့မှာ ဘယ်သူနိုင်မလဲဆိုတာကတော့ ရလဒ်အမှန်ကိုသာ စောင့်ကြည့်ရမှာဖြစ်ပါတယ်ခင်ဗျာ။ ။

Ref: The Conversation

ထက်မြှတ်

# အစ္စရေးက ဆီးရီးယားတွင် မြေပြင်ထိုးစစ်ဆင် အီရန်နှင့်ဆက်နွှယ်သော ဆီးရီးယားပြည်သူများကိုဖမ်းခေါ်သွား

**တဲအဗစ်၊ စစ်ရေး**

အစ္စရေးတပ်ဖွဲ့များက ဆီးရီးယားနိုင်ငံအတွင်းသို့ဝင်ရောက်ကာ မြေပြင်ထိုးစစ်ဆင်ပြီး အီရန်နှင့်ဆက်နွှယ်နေသော ဆီးရီးယားပြည်သူများကို ဖမ်းခေါ်ထားသည်ဟု အစ္စရေးတပ်မတော်၏ နိုဝင်ဘာလ ၃ ရက်ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ယခုကဲ့သို့ အစ္စရေးစစ်သည်များက ဆီးရီးယားသို့ဝင်ရောက်ခြင်းသည် လက်ရှိဖြစ်ပွားနေသောပဋိပက္ခအတွင်း ပထမဆုံးဖြစ်လာသည်။

ပြီးခဲ့သည့်နှစ်တွင် အစ္စရေးသည် ဆီးရီးယားရှိ ဟစ်ဇဘိုလာနှင့်အီရန်တာဝန်ရှိသူများကိုပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သော်လည်း ယခုကဲ့သို့ ဆီးရီးယားနိုင်ငံအတွင်းဝင်ရောက်တိုက်ခိုက်မှုမျိုး လုပ်ဆောင်ခဲ့ခြင်းမရှိပေ။

အဆိုပါမြေပြင်ထိုးစစ်အတွင်း ဆီးရီးယားပြည်သူများကိုဖမ်းခေါ်လာခြင်းသည် ပြီးခဲ့သည့်လများအတွင်းလုပ်ဆောင်သည့် အထူးစစ်ဆင်ရေး၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အစ္စရေးစစ်ဘက်သည် ပြီးခဲ့သည့် သီတင်းပတ်ခြောက်ပတ်အတွင်း လက်ဘနွန်နိုင်ငံကို ဗုံးကြဲတိုက်ခိုက်မှုများ အဆက်မပြတ်လုပ်သည့်အပြင် ယင်းနိုင်ငံအတွင်းသို့ဝင်ရောက်၍ မြေပြင်ထိုးစစ်ဆင်နွှဲလာခြင်းဖြစ်သည်။ ၎င်းတို့၏အကြောင်းပြချက်မှာမူ ဟစ်ဇဘိုလာအဖွဲ့ကို အပြီးသတ်ချေမှုန်းရန်ဖြစ်သည်ဟုပြောထားသည်။

အစ္စရေး၏တိုက်ခိုက်မှုကြောင့် လက်ဘနွန်တွင်သေဆုံးသူ ၃၀၀၀ နီးပါးရှိလာပြီဖြစ်ပြီး ဟစ်ဇဘိုလာကြောင့် သေဆုံးသူအစ္စရေးပြည်သူ ၆၀ ကျော်သေဆုံးထားသည်။ **Ref: India Today**



# အင်ဒိုနီးရှား၌ မီးတောင်ပေါက်ကွဲ၊ နေအိမ်များမီးလောင်ပြီး လူ ၁၀ ဦးသေဆုံး

**ဂျကာတာ၊ သဘာဝဘေး**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းရှိ မီးတောင်တစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ မီးလုံးကြီးများနှင့်ပြာများထွက်ပေါ်လာပြီး အနီးရှိကျေးရွာများအပေါ်သို့ကျရောက်မှုကြောင့် နေအိမ်များမီးလောင်ပြီး လူ ၁၀ ဦးသေဆုံးကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက နိုဝင်ဘာလ ၄ ရက်တွင်ပြောသည်။

ခရီးသွားများလာရောက်လေ့ရှိသော ကျွန်းတစ်ခုဖြစ်သည့် ဖလောကျွန်းပေါ်၌တည်ရှိသော လီဝိုတိုဘီလာကီလာကီဟု အမည်ပေးထားသည့် အမြင့် ၅၅၈၇ ပေရှိ မီးတောင်အမြွှာက နိုဝင်ဘာလ ၃ ရက်ညသန်းခေါင်ယံမတိုင်မီတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ပြီး တာဝန်ရှိသူများက ဒေသခံပြည်သူများစွာကို ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးရသည်။

အဆိုပါမီးတောင်ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၀၂၉၅ ဦးအပေါ်သက်ရောက်မှုရှိကြောင်းနှင့် ပျောက်ဆုံးနေသူတစ်ဦးမျှမရှိသေးကြောင်း အင်ဒိုနီးရှားသဘာဝဘေးလျော့ပါးရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီကပြောသည်။

မီးတောင်ပေါက်ကွဲမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများအမြင့်ဆုံးအဆင့်သတိပေးချက်ထုတ်ပြန်ကာ မီးတောင်မှ ခုနစ်ကီလိုမီတာပတ်လည်အတွင်း သွားလာလှုပ်ရှားမှုမပြုရန်တိုက်တွန်းထားသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း မီးတောင်မှလှုပ်ခတ်မှုများစွာဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **Ref: Barrons**



# ကနေဒါရှိ ဟိန္ဒူဘုရားရှိခိုးကျောင်းကို လူအုပ်ဖြင့်တိုက်ခိုက်မှု အိန္ဒိယအပြစ်တင်ဝေဖန်

**နယူးဒေလီ၊ နိုင်ငံရေး**

ကနေဒါနိုင်ငံရှိဟိန္ဒူဘုရားရှိခိုးကျောင်းတစ်ခုကို ဆစ်(ခ်)ခွဲထွက်ရေးတက်ကြွလှုပ်ရှားသူများက လူအုပ်ဖြင့်တိုက်ခိုက်မှုလုပ်ဆောင်ရာ အဆိုပါတိုက်ခိုက်မှုကို အိန္ဒိယအစိုးရက အပြစ်တင်ဝေဖန်ထားကြောင်း သိရသည်။

တုတ်များကိုင်ထားသည့် လူအုပ်ကြီးသည် ဘရမ်တန်ဘုရားရှိခိုးကျောင်းသို့လာသည့် အိန္ဒိယကောင်စစ်ဝန်ရုံးမှဘုရားဖူးများကို တိုက်ခိုက်ခြင်းဖြစ်ပြီး အမျိုးသမီးများနှင့်ကလေးငယ်များက အများဆုံးတိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း Times of India သတင်းဌာနက နိုဝင်ဘာလ ၄ ရက်တွင်ထုတ်ပြန်ထားသည်။

ကနေဒါနိုင်ငံ၌ ဆစ်(ခ်)ခေါင်းဆောင်တစ်ဦးလုပ်ကြံခံရမှုနှင့်ပတ်သက်၍ ကနေဒါအစိုးရက အိန္ဒိယအစိုးရကို စွပ်စွဲထားခြင်းအတွက် နှစ်နိုင်ငံကြားတင်းမာမှုများမြင့်တက်လာနေစဉ် ယခုကဲ့သို့ပဋိပက္ခများဖြစ်ပွားခြင်းဖြစ်သည်။ ဆစ်(ခ်)ခွဲထွက်ရေးအဖွဲ့သည် ပန်ဂျပ်ပြည်နယ်ကို ၎င်းတို့၏မြို့ပြနိုင်ငံအဖြစ်သတ်မှတ်ပေးရန် တောင်းဆိုနေခြင်းဖြစ်သည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

### အင်ဒိုနီးရှားနှင့်ရုရှားရေတပ်တို့ ဂျာဗားပင်လယ်တွင် ပထမဆုံးပူးတွဲစစ်ရေးလေ့ကျင့်

အင်ဒိုနီးရှားနှင့်ရုရှားနိုင်ငံတို့မှ ရေတပ်စစ်သည်များသည် ဂျာဗားပင်လယ်ပြင်တွင် ပထမဆုံးပူးတွဲစစ်ရေးလေ့ကျင့်မှုလုပ်ကြောင်း အင်ဒိုနီးရှားရေတပ်က နိုဝင်ဘာလ ၄ ရက်တွင်ထုတ်ပြန်ထားသည်။

အင်ဒိုနီးရှားသမ္မတအသစ် ပရာဘိုဝိုက ရုရှားနိုင်ငံနှင့်ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများပိုမိုလုပ်ဆောင်သွားမည်ဟု ကတိပြုပြီးနောက် ယခုကဲ့သို့ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်ခန်းကို နိုဝင်ဘာလ ၄ ရက်မှ ၈ ရက်အထိဆောင်ရွက်သွားမည်ဖြစ်ပြီး ရုရှားမှစစ်ရေယာဉ်လေးစင်းပါဝင်ကြောင်း အင်ဒိုနီးရှားရေတပ်မှပြောရေးဆိုခွင့်ရှိသူကပြောသည်။

ထို့ပြင် ယခုကဲ့သို့စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံနှင့်မဆိုပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဟူသော ကတိပြုမှုကိုအကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း လေ့လာသူများက မှတ်ချက်ပြုပြောထားသည်ဟု သိရသည်။

**Ref: RT**

### အီရန်က အရင်းအမြစ်များအားလုံးကိုအသုံးပြု၍ အစ္စရေးကိုလက်တုံ့ပြန်တိုက်ခိုက်မည်

အီရန်အစိုးရအနေဖြင့် အရင်းအမြစ်များအားလုံးကိုအသုံးပြု၍ အစ္စရေးနိုင်ငံကိုလက်တုံ့ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူက နိုဝင်ဘာလ ၄ ရက်တွင်ပြောသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက ပုံမှန်သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် အစ္စရေး၏တိုက်ခိုက်မှုနှင့်ပတ်သက်၍ မေးမြန်းမှုကို ပြောရေးဆိုခွင့်ရှိသူ အက်စမေးဘက်ဂါအီက ယခုကဲ့သို့တုံ့ပြန်ခြင်းဖြစ်သည်။

အကယ်၍ လက်ဘနွန်နှင့်ဂါဇာတို့၌ အပစ်အခတ်ရပ်စဲရေးရသွားပါကလည်း အစ္စရေးအပေါ် အီရန်၏လက်တုံ့ပြန်မည့်အစီအစဉ်က ရပ်တန့်သွားမည်မဟုတ်ဘဲ ဆုံးဖြတ်ပြီးသားကိစ္စတစ်ခုကို အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အစ္စရေးက အောက်တိုဘာလ ၂၆ ရက်တွင် အီရန်ရှိပစ်မှတ်အချို့ကိုလေကြောင်းမှတိုက်ခိုက်မှုများလုပ်သည်ဟု ထုတ်ပြန်ထားသည်။ **Ref: Xinhua**

### အွတ်ထရာခန်းပြည်နယ်၌ ဘတ်စကားတစ်စီးချောက်ထဲထိုးကျ၊ လူ ၃၆ ဦးသေဆုံး

အိန္ဒိယနိုင်ငံ အွတ်ထရာခန်းပြည်နယ်၌ နိုဝင်ဘာလ ၄ ရက်တွင် ဘတ်စကားတစ်စီးက မီတာ ၂၀၀ နက်သည့်ချောက်ထဲသို့ထိုးကျရာ လူ ၃၆ ဦး သေဆုံးကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့ပြင် အဆိုပါယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ ၂၄ ဦးရှိရာ ၎င်းတို့ကို နီးစပ်ရာဆေးရုံများသို့ပို့ဆောင်၍ ဆေးကုသမှုများပေးလျက်ရှိကြောင်းနှင့် ဒဏ်ရာပြင်းထန်သူလေးဦးကို ရဟတ်ယာဉ်ဖြင့်တင်ဆောင်၍ AIIMS ဆေးရုံသို့ပို့ထားကြောင်း တာဝန်ရှိသူများကဆက်ပြောသည်။

အဆိုပါဘတ်စကားသည် ခရီးသည်အယောက် ၆၀ ဝန်းကျင်ကိုတင်ဆောင်ကာ ခရီးသွားနေစဉ် အွတ်ထရာခန်းပြည်နယ်၏မြို့တော် ဒီရာဒန်မှ အရှေ့ဘက် ၂၅၉ ကီလိုမီတာခန့်အကွာ တောင်တန်းထူထပ်သောနေရာ၌ ချောက်ထဲသို့ကျသွားခြင်းဖြစ်သည်။ ထိုဖြစ်စဉ်တွင် သေဆုံးသူတစ်ဦးစီအတွက် ၄၇၅၅ ဒေါ်လာနှင့် ဒဏ်ရာရရှိသူတစ်ဦးစီအတွက် ၁၁၈၈ ဒေါ်လာကို အစိုးရကထောက်ပံ့ပေးသွားမည်ဖြစ်သည်။ **Ref: Xinhua**

### ဂျပန်က စွမ်းဆောင်ရည်မြင့်ဒုံးပျံအသစ်ဖြင့် စစ်သုံးဂြိုဟ်တုတစ်လုံးကိုလွှတ်တင်

ဂျပန်က စစ်ဘက်ဆိုင်ရာဆက်သွယ်ရေး ပိုမိုမြန်ဆန်စေရေးနှင့် စစ်ဆင်ရေးလုပ်ငန်းများကို ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရေးရည်ရွယ်၍ စစ်သုံးဂြိုဟ်တုတစ်လုံးကို နိုဝင်ဘာလ ၄ ရက်တွင် လွှတ်တင်လိုက်ကြောင်းသိရသည်။

အဆိုပါဂြိုဟ်တုကို ဂျပန်နိုင်ငံ၏စွမ်းဆောင်ရည်မြင့်ဒုံးပျံအသစ်ဖြစ်သော H3 ဒုံးပျံပေါ်တွင်တင်ဆောင်လွှတ်တင်လိုက်ခြင်းဖြစ်ပြီး ဂြိုဟ်တုမှာ သတ်မှတ်ထားသည့်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာရောက်ရှိသွားကြောင်း ဂျပန်လေကြောင်းအာကာသစူးစမ်းရှာဖွေရေးအေဂျင်စီက ထုတ်ပြန်ထားသည်။

H3 ဒုံးပျံကသယ်ဆောင်သွားသည့် ဂြိုဟ်တုသည် X-band အမျိုးအစားစစ်သုံးဂြိုဟ်တုဖြစ်ပြီး ထိုအမျိုးအစားသည် ရာသီဥတုအခြေအနေကြောင့် ထိခိုက်မှုအနည်းဆုံးဖြစ်သည့်အပြင် တည်ငြိမ်မှုရှိသည့်ဆက်သွယ်ရေးကွန်ရက်ကိုလည်း ထောက်ပံ့ပေးနိုင်သည်။ ယခုအခါ ဂျပန်ကလွှတ်တင်ထားသည့် အလားတူဂြိုဟ်တု သုံးလုံးအထိရှိလာပြီဖြစ်ကြောင်းသိရသည်။ **Ref: The Korea Times**

# ဟိုတယ်နှင့်ညှော်ဝန်ဆောင်မှုနယ်ပယ် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေးသင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၏အထောက်အပံ့ဖြင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေး သင်တန်းများဖွင့်ပွဲ အခမ်းအနားနှင့် တရုတ်ခရီးသွားဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဌာနမှ သံမှူးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (China Foundation for Rural Development – CFRD) မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ခရိုင်အဆင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO) များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ–တရုတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက မိတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံသားခရီးသွား ပိုမိုလာရောက်စေရေး ဈေးကွက်မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းလေးမျိုးအား ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ဒစ်ဂျစ်တယ် နည်းပညာစွမ်းရည်မြှင့်တင်ရေးသင်တန်း၊ ညှော်လမ်းညွှန်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် ခရီးသွားဝန်ဆောင်မှုနှင့် ခရီးစဉ်စီစဉ်ရောင်းချခြင်းဆိုင်ရာ သင်တန်းများကို နိုဝင်ဘာလ ၇ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစည်းအဝေး (၃/၂၀၂၄)ကျင်းပ




နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (Myanmar National Building Code–2024) အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၃/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌွေး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် MNBC–2024 ဆပ်ကော်မတီဥက္ကဋ္ဌ ဦးညွှန့်မောင်စန်း၊ အဆောက်အဦဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အင်ဂျင်နီယာချုပ်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌမြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါ်မြမြဝင်းက လုပ်ငန်းကော်မတီ အစည်းအဝေး(၂/၂၀၂၄)၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ ရေးဆွဲပြုစုရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တက်ရောက်လာသည့်လုပ်ငန်းကော်မတီဝင်များ၊ MNBC–2024 ရေးဆွဲပြုစုရေးနည်းပညာဆိုင်ရာအဖွဲ့ (Technical Working Group) အဖွဲ့ခေါင်းဆောင်များမှ လက်ရှိရေးဆွဲပြုစုဆောင်ရွက်နေမှုနှင့် MNBC–2024 အချိန်မီထွက်ရှိနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# 2024 Global Rural Development Forum သို့ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၄

2024 Global Rural Development Forum ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၁ ရက်အထိ Ministry of Agriculture and Rural Affairs မှကြီးမှူး၍ International Poverty Reduction Center (IPRCC) မှ ဦးဆောင်ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင်ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်ဦးဆောင်သည့် ကိုယ်စားလှယ်နှစ်ဦး တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Agriculture and Rural Affairs မှ ဒုတိယဝန်ကြီး H.E .ZHANG Zhili၊ ဘရာဇီးနိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ ဂရီနာဒါနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံတို့အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးမှဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆင်းရဲမှုလျှော့ချရေးဗဟိုဌာန(IPRCC) မှ ကိုယ်စားလှယ်များ၊ UN အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ Liaoning တက္ကသိုလ်နှင့် Oxford တက္ကသိုလ်တို့မှ ပါမောက္ခများတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတက်ရောက်လာကြသည့်ကိုယ်စားလှယ်များသည် အောက်တိုဘာလ ၃၀ ရက်တွင် ပေကျင်းမြို့တွင်ရှိသည့် Siji Yangkun Agricultural Technology Development Co.,Ltd. သို့ သွားရောက်ကာ အဆိုပါကုမ္ပဏီ၏ စက်မှုအခြေပြုဖွံ့ဖြိုးတိုးတက်ရေးကနဦး ဆောင်ရွက်မှုများမှတစ်ဆင့် လယ်သမားများ ဝင်ငွေတိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် e–commerce စနစ်ဖြင့်ရောင်းချမှုများ၊ Daxing ခရိုင်၌ မူလတန်းနှင့် အထက်တန်းကျောင်းများနှင့်ပူးပေါင်းကာ လက်တွေ့အခြေစိုက်စခန်းတစ်ခုအား လာရောက်လည်ပတ်နိုင်ရန်အတွက် ဖွင့်လှစ်ထားမှု၊ ဖရဲသီးများအား ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်ကာ စိုက်ပျိုးဧက ၇၉ ဧကပေါ်တွင် စိုက်ပျိုးနေမှုများကို ကွင်းဆင်းလေ့လာကြသည်။

ထိုမှတစ်ဆင့် Lixian မြို့နယ်ရှိခရီးသွားအချက်အချာကျသည့်နေရာတွင်တည်ရှိပြီး သဘာဝအရင်းအမြစ်များ၊ ရိုးရာယဉ်ကျေးမှုများဖြင့် ကျော်ကြားသောနေရာတစ်ခုဖြစ်သည့် Longtou ကျေးရွာနှင့် Lijiachang ကျေးရွာသို့ သွားရောက်ကာ "စိုက်ပျိုးထွက်ပစ္စည်းပြပွဲနှင့် အစားအသောက်လမ်း"စီမံကိန်းအဖြစ် စိုက်ပျိုးထွက်ပစ္စည်းများနှင့် ယဉ်ကျေးမှုများ ပေါင်းစည်းကာ စက်မှုဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို လေ့လာခဲ့ကြသည်။




အောက်တိုဘာလ ၃၁ ရက်က 2024 Global Rural Development Forum ကို Beijing International Convention Center တွင်ကျင်းပရာ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ကိုယ်စားလှယ်များက စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးပြောကြားခဲ့ကြရာ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်ကပါဝင်ဆွေးနွေးသည်။

ဆက်လက်၍တက်ရောက်လာသောနိုင်ငံအသီးသီးမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အတွေ့အကြုံများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းနေမှုများကို အုပ်စုခွဲ၍ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

# အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းနှင့် ဩစတြေးလျအသင်းတို့ သရေရလဒ်ထွက်ပေါ်



**ရန်ကုန်　နိုဝင်ဘာ　၄**

အာဆီယံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးပြီး ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(B)အုပ်စုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းနှင့် ဩစတြေးလျလက်ရွေးစင်ဖူဆယ်အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန်ပထမပိုင်းတွင် ဩစတြေးလျလက်ရွေးစင်ဖူဆယ်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းက ချေပဂိုးများပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်ကာ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းအတွက် သွင်းဂိုးများကို နိုင်လင်းထွန်းကျော်၊ ထွဋ်ဝေထွန်းနှင့် ဂိုးသမား မိုင်းစိုးမြတ်ထွေးတို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းအနေဖြင့် အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် နိုဝင်ဘာလ ၅ ရက်**(ယနေ့)**တွင် ကမ္ဘောဒီးယားအသင်း၊ နိုဝင်ဘာလ ၆ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် အသီးသီးကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ညှိနှိုင်းဆွေးနွေး



ရန်ကုန်　နိုဝင်ဘာ　၄

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၌ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက်ကြိုတင်ညှိနှိုင်းအစည်းအဝေးကိုယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ (၃)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက အားကစားပြိုင်ပွဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီးတက်ရောက်လာသော ဆပ်ကော်မတီများမှတာဝန်ရှိသူများက အားကစားနည်းအလိုက် လိုအပ်သည်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့သည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အားကစားသမား ၄၆၇ ဦး၊ အုပ်ချုပ်သူနှင့်နည်းပြ ၁၅၃ ဦး စုစုပေါင်း ၆၂၀ ဦးသွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

**လင်းခန့်**

# MYANMAR FOOTBALL ACADEMIES TOURNAMENT 2024 ပြိုင်ပွဲ　တတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ



**ရန်ကုန်　နိုဝင်ဘာ　၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အကယ်ဒမီအသင်းများ၊ ISPE အသင်းများ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် MYANMAR FOOTBALL ACADEMIES TOURNAMENT 2024 ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပခဲ့ကြောင်းသိရသည်။

MYANMAR FOOTBALL ACADEMIES TOURNAMENT 2024 ပြိုင်ပွဲ တတိယနေ့ ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၇ နာရီခွဲတွင် လေ့ကျင့်ရေးကွင်းအမှတ်(၂)၌ တပ်မတော်ဘောလုံးအကယ်ဒမီအသင်းနှင့် ISPE (မော်လမြိုင်)အသင်းတို့ကစားခဲ့ရာ ISPE (မော်လမြိုင်)အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ မန္တလေးအကယ်ဒမီ (C )အသင်းနှင့် ISPE(မုံရွာ)အသင်းတို့ ကစားခဲ့ရာ ISPE (မုံရွာ)အသင်းက ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ညနေပိုင်းတွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ မန္တလေးအကယ်ဒမီ (A)အသင်းနှင့် ISPE(မန္တလေး)အသင်းတို့ ကစားခဲ့ရာ ISPE(မန္တလေး)အသင်းက ၅ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး လေ့ကျင့်ရေးကွင်းအမှတ်(၂)၌ မန္တလေးအကယ်ဒမီ (B)အသင်းနှင့်ISPE (ရန်ကုန်) အသင်းတို့ ကစားခဲ့ရာ မန္တလေးအကယ်ဒမီ(B) အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြကြောင်းသိရသည်။

**စည်သူအောင်**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရောဝတီယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ အနိုင်ရရှိ

**ရန်ကုန်　နိုဝင်ဘာ　၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ရောဝတီယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ရာဇာအောင်၊ ရန်ပိုင်စိုးနှင့် အောင်ပြည့်ဖြိုးတို့က သွင်းယူနိုင်ခဲ့ကာ မြဝတီအက်ဖ်စီအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို စောအောင်မျိုးထွန်းက သွင်းယူနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်၏အကောင်းဆုံးကစားသမားဆုကို ရောဝတီယူနိုက်တက်အသင်းမှ ရာဇာအောင်ကဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်း၌ ISPE အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ ISPE အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို စောဆေးကပေါ်စေးနှင့် သန်းတိုးအောင်တို့က သွင်းယူပေးနိုင်ခဲ့ကာ ဒဂုံစတားအသင်းအတွက် သွင်းဂိုးကို နာကျင်အချိန်ပို ၅ မိနစ်တွင် ဆွမ်လမန်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ISPE အသင်းမှ သန်းတိုးအောင်က ဆွတ်ခူးခဲ့ကြောင်းသိရသည်။

**စည်သူအောင်**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန်　နိုဝင်ဘာ　၄**

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၂၁) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁) အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် YREO အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ ရှမ်းယူနိုက်တက်အသင်းအတွက်သွင်းဂိုးများကို စန္ဒာအောင်နှင့်နန်းဖြူဖြူသွေးတို့က သွင်းယူနိုင်ခဲ့ကြပြီး YREO အသင်းအတွက် သွင်းဂိုးကို သင်းသင်းမော်က သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှ စန္ဒာအောင်က ဆွတ်ခူးနိုင်ခဲ့သည်။


အလားတူ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ပဒုမ္မာအားကစားကွင်း၌ မြဝတီအသင်းနှင့်သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ မြဝတီအသင်းက ၃ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ယခုနှစ် ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာလ ၅ ရက်**(ယနေ့)** ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်း၌ ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုဆွတ်ခူးထားသည့် ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်အပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**စည်သူအောင်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တောင်ငူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကွင်းဆင်းကြည့်ရှုအားပေး



တောင်ငူ နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့ ထီးလှိုင်ရပ်ကွက် ထီးလှိုင်လမ်းနှင့်ကေတုမတီရှေးဟောင်းကျုံးကြား၌ အများပြည်သူ စိတ်လက်အပန်းဖြေနိုင်စေရေး ဆောင်ရွက်နေမှုအခြေအနေနှင့် တောင်ငူမြို့ (၁၆)ရပ်ကွက် (၁)လမ်း၌ ပဲခူးတိုင်းဒေသကြီး MSME ဒေသထွက်ကုန် အရောင်းစင်တာ ဖွင့်လှစ်မည့်နေရာတို့သို့ သွားရောက်ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့ ကေတုမတီရှေးဟောင်းကျုံး ယိုးဒယားပေါက်သို့ရောက်ရှိရာ ကျုံးလမ်းတစ်လျှောက်အစဉ်အမြဲသန့်ရှင်းသပ်ရပ်မှုရှိစေရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့နယ် ကေတုမတီမြို့ သဝန်ငယ်ရပ်ကွက်ရှိ ဦးဉာဏ်ဝင်း၏ တစ်ရက်(၁၀)တန်ကျ စက္ကူပျော့ဖတ်စက်ရုံသို့ရောက်ရှိစစ်ဆေးခဲ့ပြီး ကောက်ရိုး၊ ကြံကြိတ်ဖတ်နှင့် ဝါးများမှ ပျော့ဖတ်များထုတ်၍ ပြည်ပသွင်းကုန်အစားထိုးစက္ကူထုတ်လုပ်နိုင်ရေး အကြံပြုအားပေးစကားပြောကြားပြီး စက်ရုံအတွင်း Recycle စနစ်ဖြင့် စက္ကူထုတ်လုပ်မှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၁၁)သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးဖွင့်လှစ်သည့် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး သင်တန်းမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ - ကြို့ပင်ကောက်)က သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် အခြေခံသတင်းရေးသားနည်းများကို တက္ကသိုလ်မြတ်သူ၊ ဒေါက်တာထွန်းတင့်၊ လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ သူရဇော်၊ ကြူကြူသင်း၊ မစန္ဒာ၊ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မမိုးမြေ၊ မနှင်းဖွေး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မြတ်စိုး(လှိုင်)၊ ပုသိမ်အောင်သန်းဦး၊ အောင်ကြည်ညွန့်(တက္ကသိုလ်)နှင့် ဆွေဇင်ညွန့်တို့က သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ နိုဝင်ဘာလ ၄ ရက်မှ ၂၈ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းသား၊ သင်တန်းသူ ၆၁ ဦး တက်ရောက်ကြကြောင်းသိရသည်။

သီဟ

# ကမ္ဘာ့ဖလားနဂါးလှေလှော်ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ခြောက်ခု ငွေတံဆိပ် သုံးခု ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ မြန်မာလှေလှော်အားကစားအဖွဲ့ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၄

အောက်တိုဘာလ ၂၄ ရက်မှ နိုဝင်ဘာလ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့နှင့် ဖိလစ်ပိုင်နိုင်ငံ Puerto Princesa မြို့တို့တွင်ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ချန်ပီယံရှစ်လက်ရည်စစ်ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံလှေလှော်အားကစားအဖွဲ့သည် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ်သုံးခုရရှိခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

အဆိုပါမြန်မာနိုင်ငံကိုယ်စားပြုအောင်ပွဲရ လှေလှော်အားကစားအဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အုပ်ချုပ်သူ/ နည်းပြနှင့်အားကစားသမား စုစုပေါင်း ၂၃ ဦးတို့ကို ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အားကစားအဖွဲ့ချုပ်မှ အမှုဆောင်များ၊ မိဘဆွေမျိုးများနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား/သင်တန်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မြန်မာလှေလှော်အားကစားအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲနှင့် ဖိလစ်ပိုင်နိုင်ငံ Puerto Princesa မြို့၌ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလားနဂါးလှေလှော်ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲ နှစ်ခုပေါင်းတွင် နိုင်ငံအလိုက် အဆင့်တတိယရရှိခဲ့ပြီး ၂၀၂၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့၌ ဩဂုတ်လ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပမည့်ကမ္ဘာ့အားကစားပြိုင်ပွဲချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အေးချမ်းစွာပညာသင်ကြားနေတဲ့ စာသင်ကျောင်းကိုပါ အကြောင်းမဲ့ပစ်ချတိုက်ခိုက်လာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် ၆-၁၁-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အရိပ်လည်းနေ အခက်လည်းချိုးကြသော PDF အကြမ်းဖက်များမှ အုန္နဲပေါင်းရွာက ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်သွား"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၃၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၁၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၁ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (10 ppm) | ၃၀၉၇ | ၃၁၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Box (Nammi 01) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁˚c | / | ၃၄˚c |
| ရန်ကုန် | ၂၄˚c | / | ၃၄˚c |
| မန္တလေး | ၂၄˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

### ပျောက်ဆုံးကြောင်း
ဝင်းသီရိ(ဘ)ဦးအောင်မြင့်လွင် ၁၂/လကန(နိုင်)၂၆၉၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 909984)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၃၀၄၈၇၃၀

### ပျောက်ဆုံးကြောင်း
ထက်ခိုင်မင်း(ဘ)ဦးမြင့်သိန်း ၈/ကမန(နိုင်)၀၆၄၃၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 493307)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

### ပျောက်ဆုံးကြောင်း
ဇော်ဦး(ဘ)ဦးကံမြင့် ၈/တတက(နိုင်)၂၁၆၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 216795)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
စန္ဒာမြင့်(ဘ)ဦးဝင်းအောင် ၉/ပဗသ(နိုင်)၀၁၇၇၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 503944)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၄၄၆၂၂၃

### ပျောက်ဆုံးကြောင်း
မအစ္စတာလင်း(ဘ)ဦးငွေးဝင်းဦး ၈/ဂဂန(နိုင်)၀၈၇၈၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 070639)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၃၀၀၀၂၂၈

### ဖခင်အမည်မှန်
သထုံမြို့နယ်၊ အ.ထ.က ပုတိန်ရိုး၊ ဇော်ဖ Grade-7 မှ စောအဲ့ဒိုစိုး၏ ဖခင်အမည်မှန်မှာ စောမောနင်းဆန်း ၃/ပကန(နိုင်)၀၂၇၂၂၃ ဖြစ်ပါကြောင်း။ စောမောနင်းဆန်း

### ပျောက်ဆုံးကြောင်း
မသိုင်း(ဘ)ဦးကျော်လှိုင် ၇/ရတရ(နိုင်)၁၉၀၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၁၂၉၀၅၅

### ပျောက်ဆုံးကြောင်း
အူတရာကူးမာ(ဘ)ဦးပီကေထန်ဘီ ၁၂/ဗတထ(နိုင်)၀၂၅၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၃၉၅၃၀၄၉

### ပျောက်ဆုံးကြောင်း
ဥမ္မာမြင့်(ဘ)ဦးအုန်းမြင့် ၁၂/စခန(နိုင်)၀၁၀၁၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၃၉၉၂၇၅၅

### ပျောက်ဆုံးကြောင်း
စောသဆဲ(ဘ)ဦးအော်ခါး ၁၂/တတန(နိုင်)၀၁၇၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(188493)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၆၅၅၃၂

### ပျောက်ဆုံးကြောင်း
အောင်ထွေး(ဘ)ဦးအုန်းထွန်း ၇/နတလ(နိုင်)၀၂၂၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၈၉၅၃၃၄

### ပျောက်ဆုံးကြောင်း
တင်လေးမြင့်(ဘ)ဦးဘရီ ၇/ပမန(နိုင်)၀၃၃၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၈၁၅၁၈၈

### ပျောက်ဆုံးကြောင်း
နိုင်လင်းဝေ(ဘ)ဦးကျော်ဝေ ၁၂/ကခက(နိုင်)၀၇၉၉၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 197680)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၃၅၃၉၇၃၃

### ပျောက်ဆုံးကြောင်း
ထက်ရှိန်းကို(ဘ)ဦးမြင့်ဝင်း ၇/ပခန(နိုင်)၅၀၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 253391)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ထွန်းထွန်းဝင်း(ဘ)ဦးရွှေဒေါင်း ၉/တကန(နိုင်)၁၆၃၆၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 594822)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၄၄၆၂၂၃

### ပျောက်ဆုံးကြောင်း
လမင်းတစ်ရာ(ဘ)ဦးမြင့်သူ ၇/ရတရ(နိုင်)၁၀၂၃၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ဖခင်အမည်မှန်
သထုံမြို့နယ်၊ အ.ထ.က ကျိုက္ကော်၊ Grade-12 STEAMS-2 တွင် တက်ရောက်သင်ကြားနေသော (ခ-၀၂၁၄) မဇွန်ချမ်းမြေ့၏ ဖခင်အမည်မှန်မှာ ဦးမျိုးညွန့်ဖြစ်ပါကြောင်း။ ဦးမျိုးညွန့်

### ပျောက်ဆုံးကြောင်း
ရဲဇော်ထက်(ဘ)ဦးတင်ထွန်း ၇/ရတရ(နိုင်)၂၀၆၀၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၀၁၇၇၃၃၄

### ပျောက်ဆုံးကြောင်း
ခင်ငြိမ်းချမ်း(ဘ)ဦးမိုးကျော်နိုင် ၁၁/ကဖန(နိုင်)၀၉၃၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 540402)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၀၀၉၅၀၅၆

### ပျောက်ဆုံးကြောင်း
ကျော်လင်းခန့်(ဘ)ဦးအောင်မြတ်ကျော် ၁၂/လမန(နိုင်)၁၇၆၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၈၀၁၇၅

### ပျောက်ဆုံးကြောင်း
ထက်လင်းအောင်(ဘ)ဦးငွေးဇော် ၁၀/ဘလန(နိုင်)၁၇၂၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 914589)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၇၉၉၇၇၂၆

### ပျောက်ဆုံးကြောင်း
နှင်းနုဝေ(ဘ)ဦးပဲမောင် ၅/ယမပ(နိုင်)၁၃၁၈၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 646602)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကိုတင်ဇော်(ဘ)ဦးယုံတင် ၆/မအရ(နိုင်)၀၈၄၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၂၆၆၆၈၀

### ပျောက်ဆုံးကြောင်း
ရှိန်းလင်းဝေ(ဘ)ဦးကျော်ဝေ ၁၂/ကခက(နိုင်)၁၄၀၇၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 197055)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၃၅၃၉၇၃၃

### ပျောက်ဆုံးကြောင်း
နိုင်လင်းစိုး(ဘ)ဦးအောင်ကြီး ၈/တတက(နိုင်)၂၀၅၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၈၀၃၆၉၁

### ပျောက်ဆုံးကြောင်း
မောင်စိုး(ဘ)ဦးညွန့်ဝင်း ၉/ပဗသ(နိုင်)၀၀၇၅၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 938454)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၀၅၅၈၀၀

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မိုးစွေကျေးရွာနေ အဘဦးမြင့်ဦး၏သမီး ဒေါ်ခင်လေးနှင့်ဒေါ်ခင်မြဦး ၉/ကပတ(နိုင်)၀၁၀၈၂၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဒေါ်ခင်လေး(ခ)ဒေါ်ခင်မြဦး

### ပျောက်ဆုံးကြောင်း
ကျော်သူထွန်း(ဘ)ဦးစိန်ထွန်း ၇/ရတရ(နိုင်)၁၀၉၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၁၂၉၀၅၅

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ပျောက်ဆုံးကြောင်း
နန်းသဇင်လှိုင်(ဘ)ဦးစောရန်နိုင် ၁၁/ရဗန(နိုင်)၁၂၀၈၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၁၈၁၂၅၃၀

### ပျောက်ဆုံးကြောင်း
အောင်မြတ်ကျော်(ဘ)ဦးဝေစိန် ၈/မထန(နိုင်)၀၂၉၇၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 242921)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၈၀၁၇၅

### ပျောက်ဆုံးကြောင်း
စိန်ပွင့်(ဘ)ဦးထွန်းထွန်းဦး ၁၀/သထန(နိုင်)၁၈၆၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အေးချမ်းမိုး(ဘ)ဦးကြင်ရွှေ ၈/မဘန(နိုင်)၁၅၅၆၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 220365)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁




### ပျောက်ဆုံးကြောင်း
ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ တိုက်(၂၄၃)၊ အခန်း(၂၀၂)နေ ဒေါ်ငွေစန္ဒာ(ဘ)ဦးဗိုလ်အေး ၁၂/လမန(နိုင်)၁၃၈၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗဟိုလမ်းနေ မဝင်းရတနာကျော်(ဘ)ဦးနန်းလွင် ၁၂/ဗဟန(နိုင်)၀၉၂၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 149310)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၈၇၉၄၁၅

### ပျောက်ဆုံးကြောင်း
ခရမ်းမြို့နယ်၊ ပန်းတောချောင်ကျေးရွာနေ မမိုးသူခိုင်(ဘ)ဦးတင်ဦး ၁၂/ခရန(နိုင်)၁၅၂၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 329736)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၂၈၉၅၇၉၉

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နေ သင်းသင်းမွေး(ဘ)ဦးမြသိန်း ၇/ညလပ(နိုင်)၂၁၈၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၅၅၀၃၀၄

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့၊ မင်းရွာနေ သန့်ဇင်(ဘ)ဦးခင်ဖေ ၇/သနပ(နိုင်)၀၀၆၂၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့၊ မင်းရွာနေ ဝေဇင်မောင်မောင်(ဘ)ဦးသန့်ဇင် ၇/သနပ(နိုင်)၁၄၅၃၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မောင်မောင်ဦး(ဘ)ဦးသန်းအောင် ၁၂/သဃက(နိုင်)၁၅၅၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 775981)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၅၈၈၃၆

### ပျောက်ဆုံးကြောင်း
ကျော်ဇင်ဖြိုး(ဘ)ဦးအောင်မြင့်စိန် ၈/ကထန(နိုင်)၀၀၆၂၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 940064)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၇၅၀၈၁၅

### ပျောက်ဆုံးကြောင်း
မျိုးညွန့်(ဘ)ဦးကျော်သိန်း ၁၂/စခန(နိုင်)၀၁၀၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၉၄၉၁၄၁

### ပျောက်ဆုံးကြောင်း
ရဲထွဋ်ဖြိုး(ဘ)ဦးတင်အောင် ၁၂/ဗတထ(နိုင်)၀၄၂၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 752586)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၆၅၉၀၂၈၁

### ပျောက်ဆုံးကြောင်း
တင်မောင်အောင်(ဘ)ဦးမောင်မောင်ကြည် ၁၂/ဒဂန(နိုင်)၀၂၂၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 080751)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၉၄၉၉၂၂

### ပျောက်ဆုံးကြောင်း
ထွန်းထွန်းဝင်း(ဘ)ဦးမျိုးဝင်း ၁၂/မဂတ(နိုင်)၀၀၈၂၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 357757)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၀၈၇၇၉၃၇

### ပျောက်ဆုံးကြောင်း
အိနှင်းဖြူထွေး(ဘ)ဦးအောင်ထွေး ၇/နတလ(နိုင်)၁၁၄၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၈၉၅၃၃၄

### ပျောက်ဆုံးကြောင်း
တင်တင်နု(ဘ)ဦးစံလုံး ၅/ယမပ(နိုင်)၀၆၂၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### မောင်သံလွင်ထက်အောင် အသက်(၂၅)နှစ်
နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိမ်အမှတ်(၃/၂၁၃)နေ ဦးအောင်ကျော်နိုင်-ဒေါ်ရွှေစင်မြင့်တို့၏သားကြီး၊ မရှင်းသန့်ဖြူစင်မောင်၏အစ်ကို မောင်သံလွင်ထက်အောင် (4rd, Law, ရတနာပုံတက္ကသိုလ်) အသက်(၂၅)နှစ်သည် ၄-၁၁-၂၀၂၄ ရက် တနင်္လာနေ့ နံနက် ၉ နာရီခွဲတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပြီဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၆-၁၁-၂၀၂၄ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီတွင် အထက်ပါနေအိမ်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၄ ရက် သောကြာနေ့ နံနက် ၆ နာရီတွင် ရက်လည်ဆွမ်းသွတ်တရားတော်နာမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အိမ်ကွင်း၌ ချယ်လ်ဆီးအသင်းကိုရှုံးပွဲမရှိသည့်မှတ်တမ်းအား မန်ယူအသင်းထိန်းထားနိုင်



မန်ချက်စတာ နိုဝင်ဘာ ၄

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ကစားသည့် မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ပြီးနောက် မန်ယူအသင်းအနေဖြင့် အသင်းအိမ်ကွင်းဖြစ်သည့် အိုးထရက်ဖို့ဒ်၌ ချယ်လ်ဆီးအသင်းကို ဆယ်စုနှစ်တစ်ခုကျော်ကြာရှုံးပွဲမရှိသည့် မှတ်တမ်းအား ဆက်လက်ထိန်းထားနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းယာယီနည်းပြ နစ္စတယ်ရွိုင်းက အသင်းတိုက်စစ်ပိုင်းတွင် ပြီးခဲ့သည့် လက်စတာအသင်းကိုအနိုင်ရရှိသည့်ပွဲစဉ်တွင် အသုံးပြုခဲ့သည့်လူစာရင်းကို အပြောင်းအလဲလုပ်ဆောင်ခဲ့ပြီး ဇက်ဇီး၏နေရာ၌ ဟွိုက်လန်းကို အသုံးပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးတိုက်စစ်ဖွင့်ပြီး အပြန်အလှန်ဖိအားပေးမှုများရှိခဲ့ကာ ဂိုးသွင်းခွင့်တချို့ အပြန်အလှန်ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံးအပြန်အလှန်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် မိနစ် ၇၀ တွင် ချယ်လ်ဆီးအသင်းဂိုးသမား ဆန်းချက်၏အမှားကြောင့် မန်ယူအသင်း ပယ်နယ်တီကန်ခွင့်ရရှိခဲ့ပြီး ဖာနန်ဒက်စ်က အမှားအယွင်းမရှိကန်သွင်းကာ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၇၄ မိနစ်တွင် ကိုင်စီဒိုက ချယ်လ်ဆီးအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

မန်ယူအသင်းသည် ၂၀၁၃ ခုနှစ်က အသင်းအိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ၁ ဂိုး – ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက်ပိုင်း ဆယ်စုနှစ်တစ်ခုကျော်ကြာ ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ပြီး အိမ်ကွင်း၌ ပြိုင်ပွဲစုံ ၁၂ ပွဲလက်ခံကစားခဲ့ရာ ငါးပွဲအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ခုနစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့သည်။

လက်ရှိမန်ယူအသင်းယာယီနည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသည့် နည်းပြနစ္စတယ်ရွိုင်းသည် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ပြီး လက်စတာအသင်းနှင့်ပွဲစဉ်တွင် ဂိုးပြတ်အနိုင်ရရှိကာ ချယ်လ်ဆီးအသင်းနှင့်ပွဲတွင် သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# Golden Foot ဆုကို မက်ဆီအားကျော်ဖြတ်ပြီး အသင်းဖော် မာတီနက်ဇ်ရရှိ

မီလန် နိုဝင်ဘာ ၄

လက်ရှိဘောလုံးလောကတွင် အထင်ကရဆုတစ်ခုဖြစ်သည့် Golden Footဆုကို မက်ဆီအားကျော်ဖြတ်ပြီး အာဂျင်တီးနားအသင်းဖော် မာတီနက်ဇ်က ဆွတ်ခူးရရှိကြောင်း သိရသည်။

Golden Foot ဆုကို ၂၀၀၃ ခုနှစ်က စတင်ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကာ လက်ရှိဘောလုံးကစားနေသည့် အသက် ၂၇ နှစ်ကျော်ကစားသမားများမှ အကောင်းဆုံးစွမ်းဆောင်နိုင်သူကို ရွေးချယ်ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး မက်ဆီအနေဖြင့် ဆန်ခါတင်စာရင်းတွင်ပါဝင်ခဲ့ကာ ဆုရရှိရန် ရေပန်းစားခဲ့သော်လည်း အသင်းဖော် မာတီနက်ဇ်က ရရှိခဲ့ခြင်းဖြစ်သည်။

Golden Foot ဆုကို ကစားသမားတစ်ဦးလျှင် တစ်ကြိမ်စီသာရရှိခဲ့ခြင်းဖြစ်ပြီး မက်ဆီနှင့် ခေတ်ပြိုင်ကစားသမားတစ်ဦးဖြစ်သည့် စီရော်နယ်ဒိုအနေဖြင့် အဆိုပါဆုကိုရရှိဖူးပြီး မက်ဆီအနေဖြင့် တခြားဆုများစွာကိုရရှိခဲ့သော်လည်း Golden Foot ဆုကို ရရှိနိုင်ခြင်းမရှိသေးဘဲ ယခုနှစ်အတွက် Golden Foot ဆုကို ရရှိနိုင်လိမ့်မည်ဟု သတင်းထွက်ပေါ်ခဲ့သော်လည်း နောက်ဆုံးတွင် လွဲချော်ခဲ့ရကြောင်း သိရသည်။

*Ref;Goal.com*

# လီဗာပူးအသင်းက အသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် ဆာလက်ချ်၏နေရာ၌ ဘာစီလိုနာအသင်း တိုက်စစ်ကစားသမား ရာဖင်ဟာကိုခေါ်ယူရန် ကြိုးပမ်းလာဖွယ်ရှိနေ

လန်ဒန် နိုဝင်ဘာ ၄

လီဗာပူးအသင်းက အသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် ဆာလက်ချ်၏နေရာ၌ အစားထိုးရန် ကစားသမားရှာဖွေမှုများပြုလုပ်နေပြီး ဘာစီလိုနာအသင်းနှင့်ခြေစွမ်းပြလျက်ရှိသည့် တိုက်စစ်ကစားသမားရာဖင်ဟာကို ခေါ်ယူရန် ကြိုးပမ်းလာဖွယ်ရှိနေကြောင်း သိရသည်။

ဆာလက်ချ်သည် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လီဗာပူးအသင်းနောက်ပိုင်း ဘောလုံးရာသီများတွင် ဆုဖလားများဆွတ်ခူးနိုင်ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

လက်ရှိ လီဗာပူးအသင်းနှင့် ဆာလက်ချ်တို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဆာလက်ချ်ကိုယ်တိုင်က အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဆော်ဒီကလပ်အသင်းများထံ ပြောင်းရွှေ့လိုသည့်အတွက် လီဗာပူးအသင်းအနေဖြင့် ဆာလက်ချ်ကို ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရဖွယ်ရှိနေသဖြင့် ရာဖင်ဟာကိုခေါ်ယူရန် ကြိုးပမ်းလာဖွယ်ရှိသည်။

ရာဖင်ဟာသည် ၂၀၂၂ ခုနှစ်က လိဒ်အသင်းမှ ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသော်လည်း ယခုဘောလုံးရာသီတွင် နည်းပြဟာန်ဆီဖလစ်လက်အောက်၌ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး သွင်းဂိုးများသွင်းယူနေသည့်အတွက် လီဗာပူးအသင်းက ခေါ်ယူရန်ကြိုးပမ်းလာဖွယ်ရှိနေကြောင်း သိရသည်။

*Ref;ESPN*

# ရီးယဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ကစားသမားချူအာမန်ဒီကိုရောင်းချပြီး အန်ဇိုဖာနန်ဒက်စ်နှင့် အစားထိုးရန်စီစဉ်

မက်ဒရစ် နိုဝင်ဘာ ၄

ရီးယဲလ်မက်ဒရစ်အသင်းက အသင်းတွင်ခြေစွမ်းပြနိုင်ခြင်းမရှိသည့် ကွင်းလယ်ကစားသမား ချူအာမန်ဒီကို ပြန်လည်ရောင်းချပြီး ၎င်း၏နေရာ၌ ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်နှင့် အစားထိုးရန်စီစဉ်နေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ချူအာမန်ဒီကို ၂၀၂၂ ခုနှစ်က မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၇၀ ဖြင့် ခေါ်ယူခဲ့သော်လည်း အသင်းတွင် ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အပြင် အသင်းနှင့်လည်း အံဝင်အောင်ကစားနိုင်ခြင်းမရှိသည့်အတွက် ပြန်လည်ရောင်းချရန်ဆုံးဖြတ်ထားပြီး ၎င်း၏နေရာ၌ အန်ဇိုဖာနန်ဒက်စ်နှင့် အစားထိုးလိုခြင်းဖြစ်သည်။

အန်ဇိုဖာနန်ဒက်စ်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလက ဘင်ဖီကာအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသည့်အတွက် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသောကြောင့် အသင်းမှထွက်ခွာလိုသည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။

အလားတူ ယခုဘောလုံးရာသီတွင်လည်း ချယ်လ်ဆီးအသင်းနည်းပြ မာရက်စ်ကာ၏ ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံရသည့်အတွက် အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေရာ ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*



# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ပဲခူးတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားမွေးမြူရေးလုပ်ငန်းနှင့် မွေးမြူရေးထွက်ကုန်များ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ပဲခူးမြို့ ရပ်ကွက်ကြီး(၂)ရှိ ပုဂ္ဂလိက ပုစွန်ချဉ်၊ ငါးချဉ်နှင့် ငါးပိထောင်းစားသောက်ကုန်လုပ်ငန်းရှင်များအားတွေ့ဆုံ၍ အစားအစာဘေးကင်းလုံခြုံရေး၊ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ စံသတ်မှတ်ချက်များအား တိကျစွာလိုက်နာဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ လုပ်ငန်းကျွမ်းကျင်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။



ယင်းနောက် ပဲခူးမြို့ ဘိုကုန်းရပ်ကွက်ရှိ ပုဂ္ဂလိက နို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားများ မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှု၊ ပဲခူးမြို့ ငါးလုပ်ငန်းဦးစီးဌာန ငါးသားဖောက်စခန်းတွင် ငါးရံ့၊ ငါးကျည်း၊ ငါးဖန်းမနှင့် ငါးပြေမ စသည့် တိုင်းရင်းငါးမျိုးများ ဆေးထိုးသားဖောက်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သင်တန်းခန်းမတွင် တိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် တင်ပြကြရာ ဒုတိယဝန်ကြီးက စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ဆောင်ရွက်ရမည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းရပ်များကို အသေးစိတ်ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပုဂ္ဂလိက ငါးပိ၊ ငံပြာရည်ထုတ်လုပ်ရေးလုပ်ငန်း၏ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုဆိုင်ရာ စံသတ်မှတ်ချက်များအား တိကျစွာလိုက်နာဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။


(သတင်းစဉ်)

■ ကျောဖုံးမှအဆက်

ဟွေရဲကျေးရွာနေ အန်းဂျေလိုတို့ ၂ ဦးမှ တာချီလိတ်နယ်စပ်တွင် အရောင်းအဝယ်ပြုလုပ်ရန် သို၀ှက်ထားသောပစ္စည်းများ ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့်ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့်ပါ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကော့သောင်းမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့တွင် ကျေးရွာနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် နိုဝင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ မလိဝမ်းကျေးရွာအနီးတွင် နိုဝင်ဘာလ ၁ ရက်က အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး မလိဝမ်းကျေးရွာမှ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ ဝါဒဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ကော့သောင်းမြို့နယ်၊ မလိဝမ်းကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များမီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ ထားဝယ်မြို့နယ်၊ မောင်မယ်ရှောင်ကျေးရွာအတွင်းရှိ တန်းဖိုးကြီးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များကယူဆောင်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးလျက်ရှိရာ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိဘဲ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

(၁၀၀)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **အောက်တိုဘာလ ၂၉ ရက်နှင့် ၃၀ ရက်**တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၀၀၉၄၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၅၁၈၆၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၁၅၂၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့ပြင် **နိုဝင်ဘာလ ၁ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၌ တရားမဝင် အခြားသစ် (၄ ဒသမ ၄၆၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၆၂၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုဝင်ဘာလ ၃ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း (၁၉)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၉၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုဝင်ဘာလ ၄ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(၂ ဒသမ ၉၂၄)တန်၊ သစ်မာ (၃ ဒသမ ၂၇၈)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၈၃၇၃)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်၊ ၃၀ ရက်၊ နိုဝင်ဘာလ ၁ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၇၃၃၃၆၅၃)**ကို ဖမ်းဆီးရမိခဲ့သည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံခြားသုံးငွေ မှောင်ခိုဈေးကွက် အားကောင်းလာစေပြီး ပြည်တွင်းဈေးကွက်၌ ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ကုန်သွယ်ဖက်နိုင်ငံများမှ ကုန်သည်များ၏ လိုသလိုဈေးကစားခွင့်ကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်ပစ္စည်းတင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)


"“အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း”"
NAY PYI TAW
STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်။
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
သဘာဝအခစစ်ဖို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Lemon Tea
Tea Mix
Black Tea
SHWE PHE OO
Lemon Tea
ရွှေဖီဦး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
➢ပါရမီ(YBS)
09-459448201
➢ရွှေမန်းသူ
09-254781060
➢ မန္တလေးအခြေစိုက်
09-426500153
➢တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ကုန်စည်
09-440619258
အေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com

❖ ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နေရန်လိုအပ် . . .

❖ ပညာရေးသည်အခြေခံဖြစ်သဖြင့် အဓိကကျ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၂၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ သန်းကျော်နှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၂ ကီလို ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၁ ရက်နေ့ ညနေ ၅ နာရီအချိန်တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ရေပူစမ်းကျေးရွာရှိ စိုင်းကျိုင်း(ခ)ရဲလမ်း၏ နေအိမ်တွင် မူးယစ်ဆေးဝါးများသိုဝှက်ထားကြောင်း သတင်းအရရှာဖွေရာ စိုင်းရီလွတ်နှင့် အိုက်ကောင်တို့ ၂ ဦးအား ဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၂၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ဂ၃၆ သန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၂ ကီလို၊ အနံ့မှုန့် Vanillin ၇၅ ကီလို၊ အနံ့ဆေးရည် ၃၆ဂ လီတာ၊ ISUZU D-MAX မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသည့် အိမ်ပိုင်ရှင် စိုင်းကျိုင်း(ခ)ရဲလမ်းနှင့် လွယ်တော်ခမ်းကျေးရွာအုပ်စု၊ စာမျက်နှာ ၃၀ ကော်လံ ၅ ■




ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## အထူးမိုးလေဝသသတင်း

# နိုဝင်ဘာလ ၆ ရက်မှ ၈ ရက်အတွင်း နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော စာမျက်နှာ ၁၁ ကော်လံ ၄ ❑




## အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့် ဩစတြေးလျအသင်းတို့ သရေရလဒ်ထွက်ပေါ်

စာ - ၂၅ သို့

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရှေဝတီယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့အနိုင်ရရှိ

စာ - ၂၅ သို့

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

စာ - ၃၀ သို့

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
လုံခြုံလျှို့ဝှက်၊ ဆောင်ရွက်မြန်မှန်၊ မြဝတီဘဏ်
Card Services
✔ Individual Debit Card/ Credit Card
✔ Corporate Debit Card
✔ Automated Teller Machine Services
✔ Point of Sales Services
✔ Online Payment/ Tax Payment Via E-commerce
Phone No : (01) 2301367, 2301368, 2301452, 2301378